# ရွှေ့ပြောင်းအ
# လုပ်သမား
## များအတွက်လမ်းညွှန်



MINISTRY OF
MANPOWER

# မာတိကာ


| | စာမျက်နှာ |
|---|---|
| စင်္ကာပူနိုင်ငံမှကြိုဆိုပါသည် | 01 |
| စင်္ကာပူနိုင်ငံတွင်နေထိုင်ခြင်း | 02 |
| စင်္ကာပူနိုင်ငံတွင်လှုပ်ရှားသွားလာခြင်း | 06 |
| စင်္ကာပူနိုင်ငံတွင်အလုပ်လုပ်ခြင်း | 08 |
| အလုပ်၊လုပ်ကိုင်နေသူများ၏ရသင့်သောအခွင့်အရေးများ | 12 |
| အလုပ်အကိုင်ခန့်ထားမှုဥပဒေများ | 20 |
| အလုပ်ရှင်၏တာဝန်ဝတ္တရားများ | 24 |
| အလုပ်အကိုင်ခန့်ထားခြင်းလိမ်လည်မှုများ | 27 |
| ဘေးအန္တရာယ်ကင်းရှင်းမှု | 27 |
| ဆေးကုသမှုခံယူခြင်း | 30 |
| စင်္ကာပူဥပဒေများ | 34 |
| ငွေကြေးရေးရာများ | 38 |
| အသုံးဝင်သောတယ်လီဖုန်းနံပါတ်များ | 42 |
| ကိုဗစ်-၁၉ သတင်းအချက်အလက်များ | 44 |




ဤလက်စွဲလမ်းညွှန်တွင်ပါဝင်သည့်အချက်အလက်များသည်ပုံနှိပ်သည့်အချိန်အထိ၊ တိကျမှန်ကန်သည်။ ပိုမိုသိရှိလိုပါက **www.mom.gov.sg** တွင်ဝင်ရောက် ကြည့်ရှုပါ။

# စင်္ကာပူနိုင်ငံမှကြိုဆိုပါသည်

စင်္ကာပူနိုင်ငံမှကြိုဆိုပါသည်။သင်နေထိုင်အလုပ်၊လုပ်မည့်ပတ်ဝန်းကျင်သစ်နှင့်သင်လိုက်လျောညီထွေဖြစ်စေရန် အထောက်အကူပြု မည့်အချက်အလက်များကိုဤလမ်းညွှန်ကသင့်အားသိစေအပ်ပါလိမ့်မည်။သင်အလုပ်အလုပ်ကိုင်နေစဉ်ရသင့်သောအခွင့်အရေးများ နှင့်၊တာဝန်ဝတ္တရားများကိုသင်သိပြီး၊စင်္ကာပူဥပဒေများကိုလိုက်နာရန်လည်းအရေးကြီးပါသည်။

အကယ်၍ အလုပ်ကိုင်နေစဉ်ရသင့်သောအခွင့်အရေးများနှင့် ဆက်နွှယ်နေသော မည်သည့် ပြဿနာများကိုမဆို သင် ကြုံတွေ့ရပါက အောက်ပါ ဌာနများမှ အကူအညီ ချက်ချင်း ရယူသင့်သည် -

**လူ့စွမ်းအားဝန်ကြီးဌာန (MOM)**

**TEL: 6438 5122**

Ministry of Manpower
Services Centre
1500 Bendemeer Road
Singapore 339946

သင့်အဆောင်ရှိ FAST အဖွဲ့အရာရှိများကိုအကူအညီရယူရန် ချဉ်းကပ်ပါ။

**ရွှေ့ပြောင်းအလုပ်သမားများစင်တာ (MWC)**

**TEL: 6536 2692**


579 Serangoon Road
Singapore 218193

51 Soon Lee Road
Singapore 628088



သင်၏စင်္ကာပူလက်ကိုင်ဖုန်းနံပါတ်ကိုMOM သို့အကြောင်းကြားရန်အောက်ပါလင့်ခ်သို့မဟုတ်QR ကုတ်ကိုအသုံးပြုပါ။ ဤသို့လုပ်ဆောင်ခြင်းသည် သင်စင်္ကာပူနိုင်ငံတွင်နေထိုင်စဉ်အတွင်းအလုပ်အကိုင်ခန့်ထားမှုနှင့်ဆက်နွှယ်နေသောကိစ္စရပ်များ နှင့်ပတ်သက်၍ MOMကသင့်ကို အသိပေးနိုင်စေပါလိမ့်မည်။

သင့် စင်္ကာပူ လက်ကိုင်ဖုန်းနံပါတ်ကို ကျွန်ုပ်တို့အား ပြောပြပါ - **www.mom.gov.sg/update_contact_details**.



# စင်္ကာပူနိုင်ငံတွင် နေထိုင်ခြင်း

## စင်္ကာပူနိုင်ငံအကြောင်း

စင်္ကာပူနိုင်ငံသည် လူမျိုး၊ ဘာသာနှင့် ဘာသာစကားအမျိုးမျိုးဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှု ပေါင်းစုံ နိုင်ငံတစ်ခုဖြစ်သည်။ တစ်ဦးစီ၏ ကွဲပြားခြားနားမှုများကို သိရှိနားလည်ပြီး လေးစားကာ သဟဇာတဖြစ်စွာ နေထိုင် အလုပ်လုပ်ရန် အရေးကြီးသည်။

## စင်္ကာပူနိုင်ငံရှိ ဘာသာများ :

ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလမ်ဘာသာ၊ ဟိန္ဒူဝါဒနှင့် တာအိုဝါဒတို့ကဲ့သို့သော စင်္ကာပူနိုင်ငံတွင် ကျင့်သုံးသည့် ဘာသာ များစွာရှိသည်။ အခြားသူများ၏ ဘာသာရေးဆိုင်ရာ အစဉ်အလာများကို လေးစားနေသရွေ့လူတိုင်းသည် ၎င်းတို့၏ ဘာသာကို လွတ်လပ်စွာ ကျင့်သုံးနိုင်သည်။ ဘုရားကျောင်းများ၊ ဘုရားရှိခိုးကျောင်းများနှင့် ဗလီများကဲ့သို့သော ဝတ်ပြုဆုတောင်းရန် သတ်မှတ်ထားသော နေရာများတွင်၊ သင် သွား၍ရှိခိုးဆုတောင်းနိုင်သည်။

## နိုင်ငံတွင်းလူမှုရေးစံနှုန်းများ :

စင်္ကာပူနိုင်ငံတွင်ရှိနေစဉ်သင့်အနေဖြင့်နိုင်ငံတွင်းလူမှုရေးစံနှုန်းများနှင့်ရင်းနှီးကျွမ်းဝင်အောင်ပြုလုပ်သင့်သည်။မိမိဇာတိတိုင်းပြည် တွင်လက်ခံနိုင်သောအရာကိုစင်္ကာပူနိုင်ငံတွင်လက်ခံချင်မှ၊လက်ခံနိုင်လိမ့်မည်။

**အောက်ပါအကြံပြုချက်များဖြင့်သင့်အားလမ်းညွှန်ပါရစေ။**

## အများပြည်သူကြားတွင်ကောင်းမွန်သောအပြုအမူ

- ခိုက်ရန်မဖြစ်ပွားပါနှင့်။
- ဘတ်စကားမှတ်တိုင်၊မြေညီထပ်ဟင်းလင်းဖွင့်နေရာများ၊လူထိုင်ခုံတန်းရှည်များ၊ပန်းခြံများသို့မဟုတ် ဂုံးကျော်တံတားများ၊ ကဲ့သို့သောအများပြည်သူတို့သွားလာလှုပ်ရှားရာအရပ်များတွင်မအိပ်ပါနှင့်။
- ညအချိန်တွင်စကားကျယ်လောင်စွာမပြောပါနှင့်သို့မဟုတ်သီချင်းကျယ်လောင်စွာမဖွင့်ပါနှင့်။
- အိမ်ယာအဆောက်အဦးများ၏ မြေညီထပ်ဟင်းလင်းဖွင့်နေရာများတွင်လူစုပြီးအရက်မသောက်ပါနှင့်။
- တံတွေးမထွေးပါနှင့်သို့မဟုတ်အမှိုက်မပစ်ပါနှင့်။
- အများပြည်သူဆိုင်ရာဧရိယာများတွင်အပေါ်ပိုင်းအင်္ကျီမပါဘဲလျှောက်မသွားပါနှင့်။

## တစ်ကိုယ်ရည် သန့်ရှင်း မှု

မိမိကိုယ်ကို သန့်ရှင်းအောင်ထားပြီး နာမကျန်းမှုနှင့် ရောဂါကူးစက်မှု အန္တရာယ်ကို အနည်းဆုံးပြုလုပ်ကာ သင့် အလုံးစုံ ကျန်းမာရေးကို ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုလုပ်ရန် အရေးကြီးသည်။

- ရေချိုးပြီး ခေါင်းလည်းလျှော်ပါ
- သင့်သွားကို တိုက်ပါ
- သင့်အဝတ်အစားများကို လျှော်ဖွတ်ပါ
- သင့်လက်ကိုဆပ်ပြာဖြင့် ပုံမှန်ဆေးကြောပါ

## လက်ဆေးနည်းအဆင့်ဆင့်




သင့်လက်ဖဝါးများ ကိုဆေးကြောပါ




လက်ချောင်းတစ်ချောင်းချင်းစီနှင့် လက်ချောင်းများကြား ကိုပွတ်တိုက်ပါ




လက်ဖမိုးနှင့် လက်ချောင်းများကြားကိုပွတ တိုက်ပါ




လက်မရင်းကိုပွတ်တိုက်ပါ




လက်ချောင်းများအနောက်




လက်ဖဝါးပေါ်တွင်လက် သည်းများ ကိုပွတ်တိုက်ပါ




လက်ကောက်ဝတ်ကိုဆေး ကြောပါ




သန့်ရှင်းသောအဝတ်စသို့မဟုတ် တစ်ရှူးနှင့် လက်ကိုခြောက်အောင် သုတ်ပါ

## ကျန်းမာရေးအခြေအနေစောင့်ကြည့်စစ်ဆေးခြ င်း

သင့်ကျန်းမာရေးအခြေအနေကိုစောင့်ကြည့်စစ်ဆေးရန် **FWMOMCare** အခမဲ့မိုဘိုင်းအက်ပ် ကိုဒေါင်းလုတ်ရယူပါ။ ဤ App အက်ပ်သည် နေမကောင်းဖြစ်သူများက 24/7 တယ်လီမက်ဒီဆင် Telemedicine ဝန်ဆောင်မှုဖြင့် လက်ငင်းကျန်းမာရေးအကြံပေးမှုများရယူနိုင်ရန် စီစဉ်ပေးထားပါသည်။


Download on the App Store

GET IT ON Google Play


အဆောင်တွင်ပြထားသော QR Code ကို scan ဖတ်ရန်နှင့် နေ့စဉ်အလုပ်မသွားမီနှင့် အလုပ်အပြန်တွင် သင် ရှိရာ နေရာအားသတင်းပို့ရန် ‘Safe@Home’ လုပ်ဆောင်ချက်ကိုအသုံးပြုပါ ။

သင့်ဖုန်းနံပါတ်သည် သင်လက်ရှိကိုင်ဆောင်နေသောဖုန်းနံပါတ်ဖြစ်ကြောင်း ‘My Profile’ တွင်အတည်ပြုစစ်ဆေးပါ။


## ရေကို ချွေတာပါ




သွားတိုက်နေစဉ် ရေပိုက်ခေါင်းကို ဖွင့်မထားပါနှင့်။ မတ်ခွက်တစ်ခွက်တွင်ရေထည့်အသုံးပြုပါ။



ရေပိုက်ခေါင်းအောက်တွင် ပန်းကန်ဆေး၊ အဝတ်လျှော်နေစဉ်၊ရေပိုက်ခေါင်းကိုဖွင့်မထားပါနှင့်၊ ရေဖြည့်ထားသော ဇလားတစ်ခုကို အသုံးပြုပါ။




ရေကို မဖြုန်းတီးပါနှင့်



ရေချိုးနေစဉ် ရေပိုက်ခေါင်းကို ဖွင့်မထားပါနှင့်၊ ရေချိုးချိန်ကိုလည်း ၅ မိနစ်ထက်မပိုပါစေနှင့်။



အသုံးမပြုသောအခါ ရေပိုက်ခေါင်းကို ပိတ်ထားပြီး မည်သည့်ယိုစိမ့်မှုကိုမဆို သတင်းပို့ပါ။



မည်သည့် ရေပိုက်တပ်ဆင်ထားမှုကိုမဆို မပျက်စီးစေပါနှင့် သို့မဟုတ်မပြောင်းလဲပါနှင့်။

## သင့်နားရက်တွင် သွားရမည့်နေရာ



သင့်အားလပ်ချိန်များတွင် အပန်းဖြေ စင်တာများကို သင် သွားလည်နိုင်ပါသည်။သင့်အတွက်သာယာဖွယ်ရာများနှင့် အပန်းဖြေလှုပ်ရှားဖွယ်ရာများစီစဉ်ပေးထားပါသည်။

## အပန်းဖြေ စင်တာများ း



စင်္ကာပူနိုင်ငံအနှံ့တွင်အပန်းဖြေစင်တာရှစ်ခုရှိသည်၊ထိုစင်တာများတွင်ကြက်တောင်/ဘတ်စကတ်ဘောကွင်းများ၊ဘောလုံးနှင့်ခရစ် ကက်ကွင်းများကဲ့သို့သော၊အခမဲ့အားကစားအဆောက်အဦးများရှိပါသည်သည်။စူပါမားကက်တွင်သင်ငွေပို့နိုင်သည်၊ဆံပင်ညှပ်နိုင် သည်၊ကုန်ခြောက်များဝယ်ယူနိုင်သည်သို့မဟုတ်ထိုစင်တာတွင်ထမင်းဝယ်စားနိုင်သည်။

အပန်းဖြေစင်တာများ၏အသေးစိတ်အချက်အလက်များမှာအောက်ပါအတိုင်းဖြစ်သည်။

| အပန်းဖြေစင်တ ၁ (RC) | လိပ်စာ |
|---|---|
| Cochrane RC | 100 Sembawang Drive, Singapore 756998 |
| Kaki Bukit RC | 7 Kaki Bukit Avenue 3, Singapore 415814 |
| Kranji RC | 11 Kranji Road, Singapore 737673 |
| Penjuru RC | 27 Penjuru Walk, Singapore 608538 |
| Soon Lee RC | 51 Soon Lee Road, Singapore 628088 |
| Terusan RC | 1 Jln Papan, Singapore 619392 |
| Tuas South RC | 10 Tuas South Street 13, Singapore 636937 |
| Woodlands RC | 200 Woodlands Industrial Park E7, Singapore 757177 |

## စင်ကာပူနိုင်ငံမှအရက်ဥပဒေမျ ား

အကယ်၍သင်အရက်သောက်တတ်ပါက၊မည်သည့်နေရာနှင့်မည်သည့်အချိန်တွင်သင်အရက်သောက်နိုင်သည် ၊မည်သည့်နေရာ တွင်သင်အရက်ဝယ်နိုင်သည့်အကြောင်းနှင့်ထိန်းချုပ်ထားသည့်အရက်ဥပဒေများကိုသင်သိရမည်။

ကွဲပြားခြားနားသောကန့်သတ်ချက်များရှိသည့်Geylangနှင့် Little India ကဲ့သို့သောအရက်ထိန်းချုပ်ရေးဇုံများရှိသည်။Geylangနှင့် Little India ရှိကော်ဖီဆိုင်များကဲ့သို့သောလိုင်စင်ရ၊ဆိုင်များအတွင်းတွင်သာသင်အရက်ကိုသောက်နိုင်၊ဝယ်နိုင်သည်။ဤနေရာများ၏အပြင်ဘက် တွင်အရက်သောက်ခြင်းသည်ဥပဒေနှင့်ဆန့်ကျင်သည်။

တားမြစ်ထားသည့်အချိန်များအတွင်းလူကြားသူကြားတွင်သင်အရက်သောက်နေသည်ကိုတွေ့ရှိပါကအစေ ရးယူလိမ့်မည်ဖြစ်ပြီးသင့်အ လုပ်လုပ်ခွင့်ပါမစ်ကိုပယ်ဖျက်လိမ့်မည်။

အရက် ဥပဒေများ၏ အချက်အလက်အတွက် www.mha.gov.sgတွင် ကျေးဇူးပြု၍ဖတ်ပါ။

# စင်ကာပူနိုင်ငံတွင်လှုပ်ရှားသွားလာခြ င်း

စင်ကာပူနိုင်ငံတွင် သွားလာလှုပ်ရှားရသည်မှာ လွယ်ကူပါသည်။ သယ်ယူပို့ဆောင်ရေး အမျိုးမျိုးတို့မှာ ေအာက်ပါအတိုင်းဖြစ်သည်၊

- ဘတ်စ်ကား
- လူအများအမြန် သယ်ယူပို့ဆောင်မှု (MRT)
- ပေါ့ပါးသော ရထား  သယ်ယူပို့ဆောင်မှု (LRT)
- တက္ကစီ
- ကိုယ်ပိုင် အငှားယာဉ်

## EZ-Link ကတ်များ

ဘတ်စ်ကား၊ MRT သို့မဟုတ် LRT ဖြင့်ခရီးသွားရန် MRTဘူတာများနှင့်ဘတ်စကားပြောင်းစီးသောနေရာများတွင်ဝယ်ယူနိုင်သည့်ez-linkကတ်တစ်ခုသင်လိုအပ်လိမ့်မည်။သင့်ez-linkကတ်တွင်ထည့်သွင်းထားသည့်တန်ဖိုးရှိလိမ့်မည်။ MRTဘူတာများနှင့်ဘတ်စ်ကားပြောင်းစီးနေရာများတွင်ရှိသည့်လက်မှတ်ရောင်းစက်များတွင်သင့်ကတ်ကိုသင်ငွေဖြည့်နိုင်သည်။ငွေဖြည့်ခြင်းကိုသင့်ဘဏ် ATM ကတ်ဖြင့်ပြုလုပ်နိုင်သည်။ အကူအညီရယူရန်အတွက်  MRTဘူတာများသို့မဟုတ်ဘတ်စ်ကားပြောင်းစီးနေရာများရှိစုံစမ်းရေးကောင်တာများရှိဝန်ထမ်းများထံသွားရောက်မေးနိုင်သည်။







*ဘတ်စကားနှင့်ရထားလမ်းကြောင်းများနှင့်ယာဉ်စီးခများ၏အသေးစိတ်အချက်အလက်များကိုဘတ်စ်ကားမှတ်တိုင်များ၊ MRT နှင့်  LRT ဘူတာများတွင်ပြသထားပါသည်။*

## အများပြည်သူ သယ်ယူပို့ဆောင်ရေးပေါ်တွင် ကျင့်ဆောင်ရမည့်အပြုအမူများ း

ဘတ်စ်ကားများ နှင့် ရထားများတွင် ခရီးသွားသောအခါ ခရီးသွားဖော်များကိုထည့်သွင်းစဉ်းစားပါ။

- ဘတ်စ်ကား သို့မဟုတ် ရထားပေါ်သို့တက်ရန် စောင့်ဆိုင်းနေစဉ် တန်းစီပါ။
- သက်ကြီးရွယ်အို ခရီးသည်ကဲ့သို့သောထိုင်ခုံကိုသင့်ထက် ပို၍လိုအပ်မည့် သူတယောက်အတွက် ထိုင်ခုံနေရာ ဖယ်ပေးပါ။
- မတ်တပ်ရပ်နေသောအခါ အတွင်းသို့ ဝင်ပါ၊ အခြားသူများ တက်နိုင်၊ ဆင်းနိုင်စေရန် ဝင်ပေါက်ကို ပိတ်မထားပါနှင့်။
- သင် မတက်ရောက်မီ အခြားသူများအား အရင်ဆင်းစေခြင်းဖြင့် လမ်းဖယ်ပေးပါ။
- အခြားသူများ သွားလာရာတွင် နေရာပိုရစေရန် သင့် အိတ်ကို ချထားပါ။

## လမ်းပေါ်တွင်ဘေးအန္တရာယ်ကင်းရှင်းမှု

### ဘေးကင်းစွာ စက်ဘီးစီးခြင်း




သင် စက်ဘီးစီးလေ့ရှိပါက  ဘေးကင်းအောင် စီးနင်းပါ၊

- စက်ဘီးလမ်းစီးရမည့်ပေါ်တွင်သာ အမြဲစီးနင်းပြီး အခြား စက်ဘီးစီးသူများနှင့် လမ်းလျှောက်သူများကို သတိထားပါ။
- လမ်းလျှောက်သူများကို သတိရှိပြီး အရှိန်လျှော့ပါ။အထူးသဖြင့် အတူသုံးရသည့်စင်္ကြန်လမ်းပေါ်တွင် လမ်းလျှောက်သူများကို သတိပေးရန် သင့်စက်ဘီး ခေါင်းလောင်းကို အဝေးမှ တီးပါ။
- ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာပါ၊ လမ်းဘေးကို ကပ်စီးပါ။ လမ်းအလယ်သို့မဟုတ် လာနေသော ယာဉ်များနှင့် မျက်နှာခြင်းဆိုင်မစီးပါနှင့်။
- စက်ဘီးစီးသောအခါသင့်စက်ဘီးကို သတ်မှတ်ထားသော ရပ်ရန်နေရာများတွင် ရပ်ပါ။ လမ်းအလယ် သို့မဟုတ် လူသွားစင်္ကြန်အလယ်တွင် သင့် စက်ဘီးကို မထားခဲ့ပါနှင့်၊ယာဉ်မောင်းသူများနှင့် လမ်းလျှောက်သူများကို ၎င်းကပိတ်ဆို့တားဆီးမည်ဖြစ်သောကြောင့်ဖြစ်သည်။

### လမ်းပေါ်တွင် အန္တရာယ်ကင်းရှင်းရေး

လမ်းပေါ်တွင် ရောက်နေသောအခါ ဘေးအန္တရာယ်ကင်းရှင်းရန် အရေးကြီးသည်။

- ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာပါ။ နမော်နမဲ့ လမ်း မလျှောက်ပါနှင့်။မီးပွိုင့်များမှသာအမြဲတမ်း လမ်းဖြတ်ကူးပါ။
- မီးပွိုင့်စိမ်းသောအခါ မှလမ်းဖြတ်ကူးပါ။
- လမ်း၏ အခြားတစ်ဖက်ကို ဘေးကင်းစွာရောက်ရှိရန် လူကူးမျဉ်း ကျား၊ ခုံးကျော်တံတား သို့မဟုတ မြေအောက်လမ်းကူးကို အသုံးပြုပါ။
- ယာဉ်မောင်းနှင်သောအခါ လမ်းလျှောက်သူများအတွက် လမ်းပေးပါ၊ လမ်းပေါက်များ၊ လမ်းဆုံများ သို့မဟုတ် လူကူးမျဉ်းကျားများသို့ ချဉ်း ကပ်လာသောအခါ အရှိန်လျှော့ပါ။



### ကုန်တင်ယာဉ်များဖြင့်သွားလာခြ င်း

သင့်အလုပ်ရှင်သည်သင်၏အလုပ်ခွင်နှင့်သင်၏အဆောင်အကြားသယ်ယူပို့ဆောင်မှုကိုပေးအပ်ကောင်းပေးအပ်နိုင်သည်။သို့ရာတွင် ကျပ်သိပ်နေသောကုန်တင်ကားကဲ့သို့အန္တရာယ်များသောကားပေါ်တွင်၊စီးနင်းရပါကသင့်အလုပ်ရှင်အားအကြောင်းကြားပါ ။ သင်၏ဘေးအန္တရာယ်ကင်းရှင်းရေးကအရေးကြီးသည်။အကယ်၍သင့်အလုပ်ရှင်ကသင့်အားကူညီရန်ငြင်းဆန်နေပါက ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအာဏာပိုင်(**LTA**)ထံ ဖုန်းနံပါတ် **1800-2255-582** ကိုဆက်၍သတင်းပို့ပါ။










# စင်္ကာပူနိုင်ငံတွင်အလုပ်လုပ်ခြင်း

စင်္ကာပူနိုင်ငံတွင်အလုပ်လုပ်ရန်သင်သည်တရားဝင်အလုပ်လုပ်ခွင့်ပါမစ်တစ်ခုကိုကိုင်ဆောင်ထားရမည်ဖြစ်ပြီးအလုပ်လုပ်ခွင့်ပါမစ်ပါ စည်းကမ်းသတ်မှတ်ချက်များကိုလိုက်နာရမည်။

## ယေဘုယျသဘောတူခွင့်ပြု (IPA)စာ

သင့်ဇာတိနိုင်ငံမှမထွက်ခွာမီယေဘုယျသဘောတူခွင့်ပြု(IPA)စာတစ်စောင်(၅မျက်နှာ မှ၆မျက်နှာ) ကိုသင့်ဇာတိဘာသာစကားဖြင့်သင့်အလုပ်ရှင်ထံမှသို့မဟုတ်ဇာတိနိုင်ငံကိုယ်စားလှယ်ထံမှသင်လက်ခံရရှိပါမည်။IPA စာကို MOM ကထုတ်ပေးပြီးစင်္ကာပူနိုင်ငံတွင်သင့်အလုပ်အကိုင်ခန့်ထားမှုနှင့်ပတ်သက်သည့်အချက်အလက်များပါဝင်သည်။သင့် အလုပ်ရှင်သည်သင်၏ IPA စာတွင်ဖော်ပြထားသည့်စည်းကမ်းသတ်မှတ်ချက်များနှင့်ကိုက်ညီရန်လိုအပ်ပြီးသင်၏ခွင့်ပြုချက်မပါဘဲ စည်းကမ်းသတ်မှတ်ချက်များကို၎င်းကမပြောင်းလဲနိုင်ပေ။သင်၏ IPA မှအောက်ပါတို့ကိုမှတ်သားထားပါ -



FIWPS111Eb_W2 – IPA Work Permit 0 37357219 / 09 JAN 2021

EMPLOYEE'S COPY

MINISTRY OF MANPOWER

ALAGU THAVASU
C/O
A.D. PREFAB PTE LTD
19 TOH YI DRIVE
#01-119 TOH YI GARDENS
SINGAPORE 590019

14 Jan 2021

**Your application is approved**
**உங்கள் விண்ணப்பம் ஏற்றுக்கொள்ளப்பட்டது**

NAME OF FOREIGN WORKER
ALAGU THAVASU
WORK PERMIT NO.
0 37357219

Dear ALAGU THAVASU

Your application for a Work Permit has been approved in-principle. This letter is proof of this and you can:

- Use it as a visa to enter Singapore.
- Start work on the second day of your arrival.

**If you do not enter Singapore by 11 Apr 2021, this approval will expire.**

வேலை அனுமதிச்சீட்டுக்கான உங்கள் விண்ணப்பம் கொள்கை அளவில் ஏற்றுக்கொள்ளப்பட்டுள்ளது. அதற்கான சான்றே இந்தக் கடிதமாகும். மேலும், நீங்கள்:

- இதை சிங்கப்பூருக்குள் நுழைவதற்கான ஒரு விசாவாகப் பயன்படுத்த முடியும்
- சிங்கப்பூருக்கு வந்திறங்கிய மறுநாள் வேலையைத் தொடங்க முடியும்

**நீங்கள் சிங்கப்பூருக்குள் 11 Apr 2021 -க்குள் நுழையவில்லை எனில், இந்த அனுமதி காலாவதியாகிவிடும்.**

**Before you leave home**
**நீங்கள் தாய்நாட்டிலிருந்து புறப்படுவதற்கு முன்னர்**

**Check your employment details on page 2.**
**பக்கம் 2-இல் வழங்கப்பட்டுள்ள உங்கள் வேலைவாய்ப்பு விவரங்களைச் சரிபார்க்கவும்.**

**Within 14 days of your arrival**
**நீங்கள் வந்துசேர்ந்த 14 நாட்களுக்குள்**

**The steps to receive your Work Permit card must be completed.**
**உங்களின் அசல் கல்விச் சான்றிதழ்கள் அல்லது திறன்களின் சான்றிதழ்கள் அனைத்தையும் கொண்டு வாருங்கள்.**

Yours sincerely

Penny Han (Mrs)
Controller of Work Passes

**IMPORTANT**

Make sure this approval is still valid using www.mom.gov.sg > search for 'validity check' > click 'Work Permit Validity Check via Work Permit Online (Non-login)'.

இந்த ஒப்புதல் இன்னமும் செல்லுபடியாகிறதா என்பதை அறிய, www.mom.gov.sg > என்ற இணையத்தளத்தில் 'validity check' என்பதைத் தேடிக்கண்டறிந்து, 'Work Permit Validity Check via Work Permit Online (Non -login)' என்பதைக் கிளிக் செய்யவும்.

**Ministry of Manpower Work Pass Division**
Web http://www.mom.gov.sg Contact Us http://www.mom.gov.sg/contact Page 1 of 6

၁ သင့်နာမည်နှင့်အလုပ်ပါမစ်နံပါတ်

FIWPS111Eb_W2 – IPA Work Permit 0 37357219 / 09 JAN 2021 — EMPLOYEE'S COPY

MINISTRY OF MANPOWER

SB Transmission Ref No:0545961

## Check your employment details

If you find a problem, please contact your employer or employment agent.

உங்களுடைய வேலைவாய்ப்பு விவரங்களைச் சரிபார்க்கவும்

| Your particulars | Your employment terms | Your salary info |
|---|---|---|
| Your name: ALAGU THAVASU | Housing provided: YES | Monthly salary [Basic monthly salary + Fixed allowances – All monthly deductions]: S$ 1300 |
| Date of birth / Sex: 15 JUL 1997 / MALE | Period of Work Permit: 1 YEAR(S) | Basic monthly salary: S$ 1300 |
| Nationality / Citizenship: INDIAN | Normal hours of work per week (excluding breaks): 44.0 | Fixed monthly allowances: S$ 0 |
| Passport number: P1307343 | Number of working days per week: 6.000 | Monthly housing, amenities and services deductions: S$ 0 |
| Work Permit number / FIN: 0 37357219 / G2921918X | Rate of pay overtime work: S$ 10.23 | Monthly deduction for others: S$ 0 |
| Date of application: 09 JAN 2021 | Daily basic rate of pay (for work on rest day/public holiday): S$ 50.00 | |
| Your employment info — Name of employer: A.D. PREFAB PTE LTD | | |
| Industry: CONSTRUCTION | | |
| Occupation: CONSTRUCTION WORKER | | |
| S'pore employment agency (EA): PO HOCK PTE LTD | | |
| Agency fee for S'pore EA (exclude fees for overseas expenses): S$ 0 | | |

**IMPORTANT**

Once you start work, your employer must give you a written copy of key employment terms within 14 days. It should state your job scope, working days and hours, basic monthly salary and terms such as deductions and leave entitlements.

Do not pay any fees for the $5000 security bond, levy, work permit application or renewal or cancellation, medical insurance or examinations, training courses and the cost of your journey home. These fees are to be paid by your employer.

Ministry of Manpower Work Pass Division
Web http://www.mom.gov.sg Contact Us http://www.mom.gov.sg/contact Page 2 of 6

၂ သင့်အလုပ်ရှင်အမည်

၃ သင့်အလုပ်အကိုင်

၄ သင့်စင်္ကာပူအလုပ်အကိုင်ခန့်ထားမှုကိုယ်စားလှယ် (EA) ကုမ္ပဏီနှင့်သင့်စင်္ကာပူ EA အားပေးရမည့်အကျိုးဆောင်အခကြေးငွေ

၅ အလုပ်ပါမစ်ကာလ

၆ သင်၏အခြေခံလစာ၊ပုံသေလစဉ် လစာပုံသေလစဉ်ထောက်ပံ့ကြေးနှင့် လစဉ်ဖြတ်တောက်ငွေများ

၇ အိမ်ယာပေးအပ်မှု

FIWPS111Eb_W2 – IPA Work Permit 0 37357219 / 09 JAN 2021 — EMPLOYEE'S COPY

MINISTRY OF MANPOWER

## Know your rights and responsibilities

உங்கள் உரிமைகளையும் பொறுப்புகளையும் தெரிந்துகொள்ளுங்கள்

**You can only work in Singapore as a / an CONSTRUCTION WORKER for A.D. PREFAB PTE LTD.**

**Your employer can reduce your monthly salary only if you agree.**
Do not sign on any documents if you do not agree. If your employer reduces your salary without your agreement, you should approach MOM.

**You or your employer can end your employment at any time with sufficient notice.**
If you go missing during employment, your employer can cancel your Work Permit. If you continue to be in Singapore, you may be fined, jailed or caned for overstaying.

Ministry of Manpower Work Pass Division
Web http://www.mom.gov.sg Contact Us http://www.mom.gov.sg/contact Page 3 of 6

၁ သင့် IPA မှာဖော်ပြထားသည့် အလုပ်အကိုင်ကိုသာသင်လုပ်ကိုင်ခွင့်ရှိသည်

## အလုပ်လုပ်ခွင့် ပါမစ်

သင့်အလုပ်လုပ်ခွင့် ပါမစ်ကတ်ကို သင်နှင့်အတူ အမြဲထားရှိရန် လိုအပ်သည်။ သင့် အလုပ်လုပ်ခွင့် ပါမစ် ကတ်ကိုသင် မရရှိသေးပါက သင်၏ IPA စာကို သင်နှင့်အတူ ကျေးဇူးပြု၍ထားရှိပါ။

MOMသို့မဟုတ်အများပြည်သူဆိုင်ရာမည်သည့်အေဂျင်စီများကမဆိုစစ်ဆေးစဉ်တွင်သင့်အလုပ်လုပ်ခွင့် ပါမစ်ကတ်ကိုသင်ပြသရန် လိုအပ်ပါလိမ့်မည်။




## နိုင်ငံကူးလက်မှတ်

သင့် နိုင်ငံကူးလက်မှတ်သည် သင်၏ တစ်ကိုယ်ရေ ပိုင်ဆိုင်မှု ဖြစ်သည်။ သင့်အား အလုပ်အကိုင်ခန့်ထားမှု၏ စည်းကမ်းသတ်မှတ်ချက်တစ်ခုအဖြစ် ဤလက်မှတ်ကို သင့်အလုပ်ရှင်က သိမ်းဆည်းမထားရပေ။ အကယ်၍ သင့်အလုပ်ရှင်က သင့် နိုင်ငံကူးလက်မှတ်ကို သင့်အတွက်သိမ်းဆည်းထားပါလျှင် သင်က တောင်းခံသည်နှင့် သင့်ကိုချက်ချင်း ပြန်ပေးရမည် ။




### အကူအညီရယူပါ

သင်၏သဘောတူညီချက်မပါဘဲသင့်လစာကိုသင့်အလုပ်ရှင်ကလျှော့ချလျှင်၊သင့်နိုင်ငံကူးလက်မှတ်ကိုပြန်မပေးလျှင်သို့မဟုတ်သင့်အလုပ်လုပ်ခွင့်ပါမစ်ကိုသင်တောင်းဆိုသောအခါပြန်မပေးလျှင် **6438 5122** ကိုခေါ်ဆို၍ **MOM**သို့ချက်ချင်းတိုင်ကြားပါ။သို့မဟုတ်1500 Bendemeer Road, Singapore 339946 ရှိMOM Services Centre သို့သွားရောက်ပါ။

# အလုပ်၊လုပ်ကိုင်နေသူများ၏ရသင့်သောအခွင့်အရေးများ

## စင်္ကာပူနိုင်ငံတွင်နေထိုင်ပြီး၊အလုပ်လုပ်ခြင်း

သင့်အလုပ်ရှင်သည်စာဖြင့်ရေးသားထားသည့်အဓိကအလုပ်အကိုင်ခန့်ထားမှုစည်းကမ်းသတ်မှတ်ချက်များ (KETs) တစ်စုံကိုသင့်အားပေးရမည်။KETsတွင်အောက်ပါတို့အပါအဝင်သင်၏သဘောတူညီပြီးဖြစ်သည့်အလုပ်အကိုင်ခန့်ထားမှုစည်းကမ်းသတ်မှတ်ချက်များဆိုင်ရာအချက်အလက်များပါဝင်ရမည် -

- လစာ၊လစာပေးသည့်နေ့စွဲနှင့်အချိန်ပိုကြေးခံစားပိုင်ခွင့်
- အလုပ်ချိန်များနှင့်နားရက်များကဲ့သို့သောအလုပ်အစီအစဉ်များ
- လစာပြည့်ခွင့်ခံစားပိုင်ခွင့်များ (နှစ်ပတ်လည်ခွင့်၊နာမကျန်းခွင့်နှင့်အများပြည်သူဆိုင်ရာအလုပ်ပိတ်ရက်များအပါအဝင်) နှင့်ဆေးကုသရေးဆိုင်ရာထောက်ပံ့ကြေးများ

အကယ်၍အောက်ပါကဏ္ဍများတွင်မည်သည့်စိုးရိမ်ပူပန်မှုမဆိုသင့်တွင်ရှိခဲ့ပါကကျေးဇူးပြု၍ **MOM** သို့မဟုတ်အငြင်းပွားမှုစီမံဆောင်ရွက်ရေးအတွက်သုံးဦးသုံးဖလှယ်မဟာမိတ် **(TADM)** သို့စောနိုင်သမျှအစောဆုံးအစီရင်ခံပါ။TADM သည် MOM Services Centre တွင်တည်ရှိသည်။

### (က) လစာ/အချိန်ပိုကြေးပေးချေ မ



1 သင့်အနေဖြင့်စင်္ကာပူနိုင်ငံတွင်ကိုယ်ပိုင်ဘဏ်စာရင်းတစ်ခုဖွင့်သင့်ပြီး သင့်လစာကိုထိုဘဏ်စာရင်းသို့ထည့်သွင်းပေးပါရန် သင့်အလုပ်ရှင်အားတောင်းဆိုသင့်သည်။ဤသို့လုပ်ဆောင်ခြင်းဖြင့် သင့်အလုပ်ရှင်နှင့်မည်သည့်ငွေပေးချေမှုဆိုင်ရာအ ငြင်းပွားမှုကိုမဆိုလျော့ချပေးလိမ့်မည်။အကယ်၍သင့်ဘဏ်စာရင်းထဲသို့တိုက်ရိုက်လွှဲပြောင်းပြီးသင့်လစာကိုပေးရန်သင် တောင်းဆိုပါကသင့်အလုပ်ရှင်သည်ထိုသို့ဆောင်ရွက်ပေးရမည်။





2 သင့်အလုပ်ရှင်သည်သင့်လစာကိုအနည်းဆုံးတစ်လလျှင်တစ်ကြိမ်၊လစာပေးကာလကုန်ဆုံးပြီးနောက်၇ရက်အတွင်းသင့် အားပေးရမည်။သင်နှင့်သင့်အလုပ်ရှင်အကြားသဘောတူထားသောမည်သည့်လစာပေးကာလမဆိုသည်တစ်လထက်မ ကျော်လွန်သင့်ပေ။



3 ထိုလအတွင်းသင်အချိန်ပိုဆင်းခဲ့လျှင်သင့်အလုပ်ရှင်သည်မည်သည့်အချိန်ပိုအတွက်မဆိုအနည်းဆုံးတစ်လလျှင်တစ်ကြိမ် ၊လစာပေးကာလကုန်ဆုံးပြီးနောက်၁၄ရက်အတွင်းသင့်အားပေးရမည်။



4. သင်၏အခြေခံလစာ၊ပုံသေထောက်ပံ့ကြေးကိုလျှော့ချရန်သို့မဟုတ်သင်၏စာဖြင့်ရေးသားထားသောခွင့်ပြုချက်မပါဘဲသင် ၏IPA စာတွင်ဖော်ပြထားသည့်ပမာဏမှသင်၏ပုံသေဖြတ်တောက်ငွေများကို ပိုဖြတ်ရန်သင့်အလုပ်ရှင်အားခွင့်မပြုပါ။



5. သင်သဘောတူညီပြီးသင့်အလုပ်ရှင်ကအောက်ပါတို့ကိုလုပ်ဆောင်မှသာ သင့်လစာကိုပြောင်းလဲနိုင်သည် -

- **<u>စာဖြင့်ရေးသားထားသောသင့်ခွင့်ပြုချက်ကိုရယူခြင်း</u>**
- MOMအားအကြောင်းကြားခြင်း
- ချိန်ညှိထားသောလစာဖြင့်တစ်ခုချင်းဖော်ပြထားသည့်လစာပေးဖြတ်ပိုင်းစာရွက်ကိုထုတ်ပေးခြင်း



6. သင့်အလုပ်ရှင်သည် လစာပေး ဖြတ်ပိုင်းစာရွက်ကို အနည်းဆုံးတစ်လလျှင်တစ်ကြိမ်၊ လစာပေးချေမှုကို ပြုလုပ်ပြီးနောက ရုံးဖွင့်ရက် ၃ ရက်အတွင်း သင့်အားထုတ်ပေးရမည်။ ထိုလစာပေး ဖြတ်ပိုင်းစာရွက်တွင် အခြေခံလစာ၊ ထောက်ပံ့ကြေးများ၊ ဖြတ်တောက်မှုများ၊ ဆင်းခဲ့သော အချိန်ပိုနာရီများနှင့် အချိန် လုပ်ခတို့ကဲ့သို့သော လစာပေးချေမှု(များ)အား အသေးစိတ်ခွဲခြမ်းမှု ပါဝင်ရမည်။

တစ်ခုချင်းဖော်ပြထားသည့် လစာပေး ဖြတ်ပိုင်းစာရွက်များနှင့် အချိန်စာရင်းစာရွက်များကိုသင်ကသိမ်းဆည်းထားရမည်။



7. သင်နားမလည်သည့်၊သို့မဟုတ်သင်သဘောမတူသည့်မည်သည့်စာရွက်စာတမ်းအလွတ်သို့မဟုတ်စာရွက်စာတမ် း များကိုမဆိုလက်မှတ်မထိုးပါနှင့်။ အကယ်၍သင့်အလုပ်ရှင်ကပေးချေမှုဘောက်ချာစာရွက်များ၊သို့မဟုတ်လစာပေးဖြတ် ပိုင်းစာရွက်များကဲ့သို့သောမည်သည့်စာရွက်စာတမ်းအလွတ်ကိုမဆိုသင့်အားလက်မှတ်ထိုးခိုင်းပါကသင့်အနေဖြင့် MOM ထံဆက်သွယ်သင့်သည်။ ယေဘုယျအားဖြင့် စောစီးစွာ သတင်းမပို့သည့် ဝန်ထမ်းများတွင်၎င်းတို့၏ တောင်းဆိုမှု မှန်ကန်ကြောင်း သက်သေပြရာတွင်အခက်အခဲရှိကောင်းရှိနိုင်သည်။

## (ခ) လစာ ဖြတ်တောက်မှုများ း

- သင့်အလုပ်ရှင်သည်သင့်လစာမှဖြတ်တောက်မှုများကိုမပြုလုပ်နိုင်ပါ၊အောက်ပါအခြေအနေများတွင် သာထိုသို့ပြုလုပ်နိုင် သည် -




သင့်အလုပ်ရှင်၏သဘောတူညီချက်မပါဘဲသင်အလုပ်မှပျက်ကွက်ခဲ့ပါက



သင်တောင်းဆိုခဲ့သည့် အစားအစာများအတွက်သင့်အလုပ်ရှင်ကပေးချေခဲ့ပြီးပါက



သင်လက်ခံခဲ့သည့်နေရာထိုင်ခင်း/အိမ်ယာ၊ဖြည့်ဆည်းပေးမှုများနှင့်ဝန်ဆောင်မှုများအတွက်သင့်အလုပ်ရှင်က ပေးချေခဲ့ပြီးဖြစ်ပါက




သင့်အားအပ်နှံထားခဲ့သောကုန်ပစ္စည်းများ၊သို့မဟုတ်ငွေပျောက်ဆုံးသွားခဲ့သည်၊ သို့မဟုတ်ပျက်စီးသွားခဲ့သည်ဖြစ် ပါက (တစ်ကြိမ်တည်းဖြတ်တောက်မှုသာ)



ဤဖြတ်တောက်မှုအတွက်စာဖြင့်ရေးသားထားသောသဘောတူညီချက်ကိုသင်ပေးခဲ့သည် ဖြစ်ပါက (ဖြတ်တောက်မှုမပြုလုပ်မီသင့်သဘောတူညီချက်ကိုသင်အချိန်မရွေးရုတ်သိမ်းနိုင်သည်)။

- အကယ်၍လစာဖြတ်တောက်မှုကိုပြုလုပ်ခဲ့ပါကသင့်အလုပ်ရှင်သည်မည်သည့်လစာပေးချေမှု ကာလတွင်မဆိုသင့်စုစုပေါင်းလစာ၏ ၅၀% ထက်ပို၍ မဖြတ်တောက်ရပါ၊ ၎င်းတွင် အောက်ပါတို့အတွက် ပြုလုပ် သည့် ဖြတ်တောက်မှုများ မပါဝင်ပေ -

- သင် အလုပ်မှ ပျက်ကွက်ခြင်း
- ကြိုတင်ငွေများ၊ ချေးငွေများ သို့မဟုတ် သင့်လစာတွင် အပိုပေးချေမှုကို ပြန်လည်ရယူခြင်း
- စာဖြင့်ရေးသားထားသောသဘောတူညီချက်ကိုသင်ပေးခဲ့သည့်မည်သည့်သမဝါယမအသင်းကြိုမဆိုပေးချေမှု

## (ဂ) အလုပ်ချိန်များနှင့်အချိန်ပိုလုပ်ခြ င်း

- သင်အဆိုင်းဖြင့်အလုပ်ဆင်းရသည်မဟုတ်လျှင်၊သင်၏သဘောတူစာချုပ်ပါအလုပ်ချိန်သည်တစ်နေ့လျှင်၈နာရီသို့မဟုတ် ရက်သတ္တပတ်လျှင်၄၄ နာရီထက်မကျော်လွန်ရပေ။အလုပ်ချိန်တွင်နားခြင်း၊လက်ဖက်ရည်သောက်ရန်နှင့်ထမင်းစားရန် အတွက်ခွင့်ပြုထားသည့်နားချိန်များမပါဝင်ပေ၊သင်၏သဘောတူစာချုပ်ပါအလုပ်ချိန်ထက်ကျော်လွန်သည့်အလုပ်အားလုံး ကိုအချိန်ပိုအလုပ်အဖြစ်မှတ်ယူရမည်၊သင်၏နာရီအလိုက်အခြေခံလုပ်ခတစ်ဆခွဲဖြစ်သောအချိန်ပိုလုပ်ခကိုသင်တောင်းခံ နိုင်သည်။

- အကယ်၍သင်အဆိုင်းဖြင့်အလုပ်ဆင်းရလျှင်၊သဘောတူထားသောအလုပ်ချိန်သည်ရက်သတ္တ ၃ပတ်တွင်တစ်ပတ်လျှင် ၄၄နာရီထက်မကျော်လွန်ရပေ၊တစ်နေ့လျှင်အများဆုံးအလုပ်ချိန်မှာ၁၂နာရီဖြစ်ပြီး အများဆုံးအချိန်ပိုမှာတစ်လလျှင်၇၂နာ ရီဖြစ်သည်။

- သင့်အလုပ်ရှင်သည်သင်အလုပ်လုပ်ခဲ့ပြီးဖြစ်သည့်အချိန်ပိုနာရီများကိုမှတ်တမ်းတင်ထားရမည်၊သင့်အနေဖြင့်သင့်အလုပ် ရှင်၏မှတ်တမ်းကိုမှန်ကန်ကြောင်းစစ်ဆေးသင့်ပြီးၑင်းသည်မှန်ကန်တိကျမှသာလျှင်လက်မှတ်ရေးထိုးသင့်သည်။ထိုမှတ် တမ်းကိုသင်သဘောမတူပါကသင့်အလုပ်ရှင်အားစောစီးစွာရှင်းလင်းပြောပြပြီးလက်မှတ်မထိုးပါနှင့်။

### သင်၏ အချိန်ပို လုပ်ခကို တွက်ချက်ရန် အဆင့်များ -

**အဆင့် ၁** သင်၏ တစ်နာရီ အခြေခံ လစာနှုန်းကို တွက်ချက်ပါ -

(၁၂ X လစဉ် အခြေခံ လစာ) / (၅၂ X ၄၄) = တစ်နာရီ အခြေခံ လစာနှုန်း

**အဆင့် ၂** သင်၏ တစ်နာရီ အချိန်ပို လုပ်ခနှုန်းကို တွက်ချက်ပါ -

[တစ်နာရီ အခြေခံ လစာနှုန်း] X [၁.၅] = တစ်နာရီအချိန်ပိုလုပ်ခနှုန်

**အဆင့် ၃** သင်၏ အချိန်ပို လုပ်ခကို တွက်ချက်ပါ -

[တစ်နာရီ အချိန်ပို လုပ်ခနှုန်း] X [ဆင်းခဲ့သည့် အချိန်ပို နာရီ အရေအတွက်]
= အချိန်ပို လုပ်ခ

## (ဃ) နာမကျန်းခွင့်




- အကယ်၍သင်သည်သင့်အလုပ်ရှင်အတွက်အနည်းဆုံးသုံးလအလုပ်လုပ်ခဲ့ပြီးဖြစ်ပါကပြင်ပလူနာနာမကျန်းခွင့်နှင့်ဆေးရုံ တက်ခွင့်ကိုသင်ခံစားပိုင်ခွင့်ရှိသည်၊ သင်ရပိုင်ခွင့်ရှိသည့်လစာပြည့်နာမကျန်းခွင့်ရက်အရေအတွက် သည်အောက်ပါအ တိုင်းပြီးစီးခဲ့သည့်တာဝန်ထမ်းဆောင်မ

| ယနေ့အထိပြီးစီးခဲ့သည့်တာဝန်ထမ်းဆောင်မှုလများ | တစ်နှစ်လျှင်လစာပြည့်ပြင်ပလူ နာ နာမကျန်းခွင့် (ရက်) | တစ်နှစ်လျှင်လစာပြည့်ဆေး ရုံ တက်ခွင့် (ရက်) |
|---|---|---|
| ၃ လ | ၅ | ၁၅ |
| ၄လ | ၈ | ၃၀ |
| ၅လ | ၁၁ | ၄၅ |
| ၆လနှင့်အထက် | ၁၄ | ၆၀ |



- နာမကျန်းခွင့်အတွက်ခံစားနိုင်ခွင့်ပြည့်မီရန်သင်အလုပ်မှပျက်ကွက်သော ၄၈နာရီအတွင်းသင့်အလုပ်ရှင်ကိုသင်အ ကြောင်းကြားရမည်။



- သင်၏ပုံမှန်အလုပ်လုပ်ရက်တွင်ယူခဲ့သောနာမကျန်းခွင့်ကာလအတွက်အောက်ပါတို့ဖြစ်ခဲ့လျှင်သင့်အလုပ်ရှင်သည်သင့်အားသင့်လစာကိုပေးရမည်-
  - ဆေးကုသရေးဆိုင်ရာမှတ်ပုံတင်ဥပဒေအရမှတ်ပုံတင်ထားသောမည်သည့်ဆရာဝန်ကမဆိုထိုနာမကျန်းခွင့်ကာလအတွက်ဆေးလက်မှတ်ကိုသင့်အားပေးလျှင်နှင့်
  - ထိုနှစ်အတွက်သင်၏နာမကျန်းခွင့်ခံစားပိုင်ခွင့်ကိုမကျော်လွန်လျှင်

## (င) နားရက်များနှင့်အများပြည်သူဆိုင်ရာအားလပ်ရက်များ

- သင်သည်ရက်သတ္တတစ်ပတ်လျှင်နားရက်တစ်ရက်လစာမဲ့ရပိုင်ခွင့်ရှိသည်။

- ထူးခြားသောအခြေအနေများမရှိလျှင်သင်အနားယူသည့်နေ့တွင်အလုပ်လုပ်ရန်သင့်အလုပ်ရှင်ကသင့်အားဖိအားမပေးနိုင် ပါ၊၎င်းပြင်ထိုနေ့တွင်အလုပ်လုပ်ရန် အလုပ်ရှင်တို့အနေဖြင့်သင့်သဘောတူညီချက်ကိုရယူရမည်။

နားရက်တစ်ရက်တွင်အလုပ်လုပ်ခြင်းအတွက်ပေးငွေကိုအောက်ပါအတိုင်းတွက်ချက်သ ည် -

| အလုပ်ကိုလုပ်ခဲ့လျှင် | သင်၏ပုံမှန်နေ့စဉ်အလုပ်ချိန်၏တစ်ဝက်အထလုပ် ရသော | သင်၏ပုံမှန်နေ့စဉ်အလုပ်ချိန် ၏ တစ်ဝက်ထက်ကျော်လွန်သော | သင်၏ပုံမှန်နေ့စဉ်အလုပ်ချိန် ထက်ကျော်လွန်သော |
|---|---|---|---|
| အလုပ်ရှင်၏တောင်းဆို မှုဖြင့် | ၁ ရက် လစာ | ၂ ရက် လစာ | ၂ ရက် လစာ + အချိန်ပိုကြေး |
| ဝန်ထမ်း၏တောင်းဆိုမှုဖြင့် | နေ့တစ်ဝက်လစာ | ၁ ရက် လစာ | ၁ ရက် လစာ + အချိန်ပိုကြေး |

- တစ်နှစ်လျှင်လစာပြည့် အများပြည်သူဆိုင်ရာအားလပ်ရက် ၁၁ရက်သင်ရပိုင်ခွင့်ရှိသည်။
- အများပြည်သူဆိုင်ရာအားလပ်ရက်တွင်သင်အလုပ်မလုပ်ခဲ့တောင်မှသင့်အလုပ်ရှင်သည်ထိုအများပြည်သူဆိုင်ရာ အားလပ်ရက်အတွက်သင်၏စုစုပေါင်းလစာကိုသင့်အားပေးရမည်။
- ထိုအများပြည်သူဆိုင်ရာအားလပ်ရက်တွင်သင်အလုပ်လုပ်ခဲ့လျှင်ထိုနေ့အလုပ်အတွက်အခြေခံလစာ၏ အပိုတစ်ရက်စာ ကိုသင့်အလုပ်ရှင်ကသင့်အားပေးရမည်၊သို့မဟုတ်သင့်အားနားရက်တစ်ရက်အစားပေးရမည်၊သို့မဟုတ်အပန်းဖြေရက် ပေးရမည်(ဒေါ်လာ၂၆၀၀နှင့်အထက်ဝင်ငွေရသောအလုပ်သမားမဟုတ်သူများအတွက်သာ)

## (စ) နှစ်ပတ်လည်ခွင့်

- အကယ်၍သင်သည်သင့်အလုပ်ရှင်အတွက်အနည်းဆုံးသုံးလအလုပ်လုပ်ခဲ့ပြီးဖြစ်ပါကသင်သည်နှစ်ပတ်လည်ခွင့်ကိုရပိုင် ခွင့်ရှိသည်။
- သင်၏နှစ်ပတ်လည်ခွင့်ရပိုင်ခွင့်သည်အောက်တွင်ဖော်ပြထားသည့်အတိုင်း၍အလုပ်ရှင်အတွက်သင်တာဝန်ထမ်းဆောင် ခဲ့သောခုနှစ်များအပေါ်တွင်မူတည်သည်။

| ဆက်တိုက် တာဝန်ထမ်းဆောင်မှု နှစ | တစ်နှစ်လျှင် ခွင့်ရက်ပေါင်း |
|---|---|
| ပထမ | ၇ |
| ဒုတိယ | ၈ |
| တတိယ | ၉ |
| စတုတ္ထ | ၁၀ |
| ပဥ္စမ | ၁၁ |
| ဆဌမ | ၁၂ |
| သတ္တမ | ၁၃ |
| အဌမနှင့် အထက် | ၁၄ |

- အကယ်၍သင်သည်ဆက်တိုက်တာဝန်ထမ်းဆောင်မှု ၁၂လမပြည့်သေးပါက၊သင်၏နှစ်ပတ်လည်ရပိုင်ခွင့်ရက်ကိုထို နှစ်အတွက်ပြီးစီးခဲ့သည့်တာဝန်ထမ်းဆောင်မှု လ အရေအတွက်ပေါ်တွင်အခြေခံ၍အချိုးကျတွက်ချက်လိမ့်မည်။

## လစာတောင်းဆိုမှုများနှင့်အလုပ်အကိုင်ခန့်ထားမှုအကျိုးခံစားခွင့် များ

အကယ်၍သင့်တွင်လစာ နှင့် /သို့မဟုတ် သင့်အလုပ်ရှင်နှင့် အလုပ်အကိုင်ခန့်ထားမှုဆိုင်ရာ အငြင်းပွားမှုများ ရှိခဲ့ပါက သင်သည် MOM သို့မဟုတ် TADM ကို စောနိုင်သမျှ အစောဆုံး ဆက်သွယ်သင့်သည်။ စေ့စပ်ညှိနှိုင်းမှု စာစီးစွာသတင်းပို့ခြင်းဖြင့် သင် ရရန်ရှိသည့် လစာကို အပြည့်အဝ ပြန်လည်ရရှိရန်အခွင့်အလမ်း ပိုများသည်၊ ၎င်းပြင် အလုပ်ရှင်သစ်တစ်ယောက် ရှာဖွေရန်အတွက် သင့်အား အချိန်ပို ရစေလိမ့်မည်။ လိုအပ်ပါက သင်သည် အစားအစာနှင့် နေရာထိုင်ခင်းအတွက် အကူအညီ ရလိမ့်မည်။

### အရေးကြီးသည့် မှတ်ချက်

အကယ်၍သင့်အလုပ်ရှင်သည်သင့်ကိုမည်သည့်လစာသို့မဟုတ်အခြားမည်သည့်ပေးငွေများကိုမဆိုသင့်အားပေးရန်ရှိပါကသင့်အားသင့်ဇာတိနိုင်ငံသို့အတင်းအကျပ်ပြန်မပို့နိုင်ပါ။

အကယ်၍သင့်တွင်ရရန်ရှိသည့်မည်သည့်လစာ၊သို့မဟုတ်တောင်းဆိုမှုမဆိုရှိပြီးထွက်ခွာရန်မလိုအပ်သေးဘဲသင့်အား ‌ လေဆိပ်သို့အပို့ခံရပါက၊သင်သည်စက်ရုံလုံခြုံရေးဝင်မှုကောင်တာများရှိလေဆိပ်အာဏာပိုင်များထံချဉ်းကပ်သင့်သည်။ အကူအညီအတွက်သင့်အားMOMသို့လွှဲပြောင်းပေးလိမ့်မည်။

## သင်၏စက်ဘ်ပူအလုပ်အကိုင်ခန့်ထားမှုအေဂျင်စီ

### အလုပ်အကိုင်ခန့်ထားမှုအေဂျင်စီကြေးများအပေါ်တန်ဖိုးကန့်သတ်ချက်

သင့်အလုပ်လုပ်ခွင့်ပါမစ်တရားဝင်မှုသို့မဟုတ်သင့်အလုပ်အကိုင်ခန့်ထားမှုသဘောတူညီချက်ကာလ၏မည်သည့်အတွက်ပင် ပိုတောင်းသည်ဖြစ်စေ၊တစ်နှစ်စီအတွက်သင်၏မူသေလစဉ်လစာ ၁လ စာထက်မပိုသောငွေကိုသာစက်ဘ်ပူအလုပ်အကိုင်ခန့် ထားမှုအေဂျင်စီသို့သင်ပေးချေသင့်သည်။အေဂျင်စီအခကို၂လစာ၌ကန့်သတ်ထားသည်။ထိုအလုပ်အကိုင်ခန့်ထားမှုအေဂျင်စီ သည်သင်ပေးသည့်မည်သည့်ဝန်ဆောင်ခများအတွက်မဆိုပေးခဲ့သည့်ဝန်ဆောင်မှုများနှင့်ကောက်ယူခဲ့သည့်ပမာဏကိုဖော်ပြ လျက်တစ်ခုချင်းစီဖော်ပြထားသောလက်ခံဖြတ်ပိုင်းများကိုသင့်အားထုတ်ပေးရမည်။



**မူသေ လစဉ် လစာ = အခြေခံ လစဉ် လစာ + မူသေ လစဉ် ထောက်ပံ့ကြေးများ**

## ဥပမာ ၁

အကယ်၍သင့်အလုပ်လုပ်ခွင့်ပါမစ်နှင့်သင့်အလုပ်အကိုင်ခန့်ထားမှုသဘောတူစာချုပ်သည်၂နှစ်ကြာတရားဝင်ပါကစင်္ကာပူအ လုပ်အကိုင်ခန့်ထားမှုအေဂျင်စီသို့ပေးရမည့်အများဆုံးအေဂျင်စီကြေးမှာသင်၏မူသေလစဉ်လစာ၂လဖြစ်သည်။

## ဥပမာ ၂

အကယ်၍သင့်အလုပ်လုပ်ခွင့်ပါမစ်သည်၂နှစ်ကြာတရားဝင်သော်လည်းသင့်အလုပ်အကိုင်ခန့်ထားမှုသဘောတူစာချုပ်သည် တစ်နှစ်ကြာသာတရားဝင်ပါကစင်္ကာပူအလုပ်အကိုင်ခန့်ထားမှုအေဂျင်စီသို့ပေးရမည့်အများဆုံးအေဂျင်စီကြေးမှာသင်၏မူသေ လစဉ်လစာ ၁လစာသာဖြစ်သည်။

## ဥပမာ ၃

အကယ်၍သင့်အလုပ်လုပ်ခွင့်ပါမစ်နှင့်သင့်အလုပ်အကိုင်ခန့်ထားမှုသဘောတူစာချုပ်သည်၂နှစ်ထက်ကျော်လွန်၍တရားဝင်ပါ ကစင်္ကာပူအလုပ်အကိုင်ခန့်ထားမှုအေဂျင်စီသို့ပေးရမည့်အများဆုံးအေဂျင်စီကြေးမှာသင်၏ မူသေလစဉ်လစာ၂လ ဖြစ်သည်။

အကယ်၍ သင်၏စင်္ကာပူအလုပ်အကိုင်ခန့်ထားမှုအေဂျင်စီသည်ဝန်ဆောင်ခကန့်သတ်ချက်ထက်ကျော်လွန်သည့် အေဂျင်စီကြေးကိုကောက်ယူခဲ့ပါကသို့မဟုတ်ပေးချေခဲ့သည့်အခကြေးငွေအတွက်တစ်ခုချင်းစီဖော်ပြထားသည့်လက်ခံဖြတ် ပိုင်းကိုထုတ်မပေးခဲ့ပါကသို့မဟုတ်သင့်အလုပ်အကိုင်ခန့်ထားမှုကိုအချိန်မတိုင်မီရပ်စဲသောအခါသင့်အားငွေပြန်အမ်းရန်ပျက်ကွက်ခဲ့ပါက**6438 5122** ကိုခေါ်ဆိုလျက်**MOM**သို့ကျေးဇူးပြု၍ချက်ချင်းတိုင်ကြားပါသို့မဟုတ်1500 Bendemeer Road, Singapore 339946 ရှိMOM Services Centre သို့သွားပါ

## အခကြေးငွေငွေပြန်အမ်း မှု

အကယ်၍သင့်အလုပ်ရှင်သည်သင့်အလုပ်အကိုင်ခန့်ထားမှုကို၆လအတွင်းရပ်စဲခဲ့ပါကစင်္ကာပူအလုပ်အကိုင်ခန့်ထားမှုအေဂျင် စီသို့သင်ပေးခဲ့သည့်အေဂျင်စီကြေး၏အနည်းဆုံး၅၀%ကို သင့်အားပြန်အမ်းရမည်။သို့ရာတွင်အကယ်၍အလုပ်အကိုင်ခန့် ထားမှုကိုရပ်စဲခြင်းသည်သင့်ဆုံးဖြတ်ချက်ဖြစ်ခဲ့ပါကသင်ပြန်အမ်းငွေမရနိုင်ပေ။

အထက်ပါဖော်ပြချက်သည်စင်္ကာပူတွင်လုပ်ငန်းရှိနေသည့်အလုပ်အကိုင်ခန့်ထားမှုအေဂျင်စီများနှင့်သာသက်ဆိုင်သည် ။

သင့်ဇာတိတိုင်းပြည်မှသင့်အလုပ်အကိုင်ခန့်ထားမှုအေဂျင်စီနှင့်မည်သည့်အငြင်းပွားမှုကိုမဆိုနှင့်ပတ်သက်၍ သို့မဟုတ်သင့်ဇာတိတိုင်းပြည်မှအလုပ်အကိုင်ခန့်ထားမှုအေဂျင်စီသို့ပေးခဲ့သည့်အခကြေးငွေများကိုပြန်လည်ရရှိရန် MOM အနေဖြင့်သင့်အားကူညီနိုင်လိမ့်မည်မဟုတ်ပေ။

# အလုပ်အကိုင်ခန့်ထားမှုဥပဒေများ


အလုပ်လုပ်ခွင့်ပါမစ်ကိုင်ဆောင်သူတစ်ယောက်အနေဖြင့် သင့်အလုပ်လုပ်ခွင့်ပါမစ်ပါစည်းကမ်းသတ်မှတ်ချက်များကိုသင်လိုက်နာရ မည်။အလုပ်လုပ်ခွင့်ပါမစ်တွင်ပါမည်သည့်စည်းကမ်းသတ်မှတ်ချက်ကိုမဆိုဖောက်ဖျက်ခြင်းသည်ပြစ်မှုတစ်ခုဖြစ်ပြီးအောက်ပါအကျိုး ဆက်များကိုကြုံတွေ့ရလိမ့်မည် -



သင့်အားဒဏ်ရိုက်လိမ့်မည်သို့မဟုတ်ထောင်ချလိမ့်မည်။




သင့်အလုပ်လုပ်ခွင့်ပါမစ်ကိုပယ်ဖျက်လိမ့်မည်။



နောင်အနာဂတ်တွင်သင့်အားစင်္ကာပူတွင်အလုပ်လုပ်ရန်ခွင့်ပြုလိမ့်မည်မဟုတ်ပေ။

## ၁) အလုပ်လုပ်ခွင့်ပါမစ်၏တရားဝင်မှုကိုစစ်ဆေးခြင်း





သင့်အလုပ်ရှင်ကသင့်အလုပ်လုပ်ခွင့်ပါမစ်ကိုသက်တမ်းမကုန်ဆုံးမီပယ်ဖျက်ခဲ့ပါကသင့်အားစင်္ကာပူတွင်ဆက်လက်အလုပ်လုပ်ရန်ခွင့်ပြုလိမ့်မည်မဟုတ်ပေ။SGWorkPass အပလီကေးရှင်းကိုဒေါင်းလုပ်လုပ်ခြင်းဖြင့်သို့မဟုတ် MOMဝက်ဘ်ဆိုက်တွင်လော့အွန် ဝင်ရောက်ခြင်းဖြင့်သင့်အလုပ်လုပ်ခွင့်ပါမစ်၏တရားဝင်မှုကိုသင်စစ်ဆေးနိုင်သည်။

### က) SGWorkPass

*သင့်အလုပ်လုပ်ခွင့်လက်မှတ်သည်တရားဝင်သလားစစ်ဆေးရန်အခမဲ့မိုဘိုင်းအပလီကေးရှင်း*

ဝပ်ပါမစ်၏တရားဝင်မှုကိုမှန်ကန်ကြောင်းချက်ချင်းစစ်ဆေးရန်သင့်အလုပ်လုပ်ခွင့်လက်မှတ်ပေါ်ရှိ QR ကုတ်ကိုစကန်ဖတ်ရန်SGWorkPass အပလီကေးရှင်းကိုဒေါင်းလုပ်လုပ်ပါ။အကယ်၍သင့်အလုပ်လုပ်ခွင့်လက်မှတ်တွင် QRကုတ်မပါရှိပါကသင့်ကတ်၏အရှေ့ဘက်တွင်ရိုက်နှိပ်ထားသော၊အတုမလုပ်နိုင်သည့်ကတ်အမှတ်စဉ်နံပါတ်ကိုသင်အသုံးပြုနိုင်ပါသည်။

Download on the App Store


GET IT ON Google Play

## ၁) MOM ဝက်ဘ်ဆိုက်

သင့်အနေဖြင့်MOMဝက်ဘ်ဆိုက် www.mom.gov.sg/checkwp တွင်လော့အွန်ဝင်ရောက်ကာအောက်ပါအဆင့် များကိုလုပ်ဆောင်နိုင်ပါသည်။

၁) *Enquire* ကို ရွေးပါ။
၂) *Work Permit Validity / Application Status* . ကို ရွေးပါ။
၃) သင့်အလုပ်လုပ်ခွင့်လက်မှတ်နံပါတ်နှင့်သင့်အမည်ကိုထည့်သွင်းပါ၊ထို့နောက် Next ကိုနှိပ်ပါ

## ၂) အလုပ်အကိုင်ခန့်ထားမှု




- သင့်အလုပ်လုပ်ခွင့်လက်မှတ်တွင်သတ်မှတ်ထားသည့်အလုပ်အကိုင်နှင့်အလုပ်ရှင်အတွက်သာလျှင်သင်အလုပ်လုပ်ရ မည်။
- သင့်အလုပ်ရှင်ကညွှန်ကြားသော်လည်း၊နောက်အလုပ်တစ်ခုတွင်အလုပ်လုပ်ခွင့်မရှိပါ။
- အပိုဝင်ငွေရရန်အတွက်မည်သည့်လုပ်ငန်းတွင်မှပါဝင်လုပ်ကိုင်ခြင်းမပြုရ၊သို့မဟုတ်ကိုယ်ပိုင်လုပ်ငန်းထူထောင်ခြင်းမပြုရ
- သင့်အလုပ်လုပ်ခွင့်လက်မှတ်မူရင်းကိုအမြဲယူဆောင်သွားရမည်၊အစိုးရအရာရှိတစ်ဦးဦးကစစ်ဆေးရန်အတွက်တောင်းခံ သည်အခါထုတ်ပြရမည်။

အကယ်၍ကွဲပြားသောအလုပ်တစ်ခုတွင်သို့မဟုတ်မတူညီသောအလုပ်ရှင်တစ်ယောက်အတွက်အလုပ်လုပ်ကိုင်ရန်သင့်အား ៖ တောင်းဆိုခဲ့လျှင်**6438 5122** ကိုခေါ်ဆိုလျက်**MOM** သို့သင်ချက်ချင်းအစီရင်ခံသင့်သည်။သို့မဟုတ်1500 Bendemeer Road, Singapore 339946 ရှိMOM Services Centre သို့ သွားရောက်သင့်သည်။

## ၃) အပြုအမူ

- စင်္ကာပူနိုင်ငံသားတစ်ဦးသို့မဟုတ်အမြဲတမ်းနေထိုင်ခွင့်ရသူတစ်ဦးနှင့်(စင်္ကာပူတွင်ဖြစ်စေသို့မဟုတ် စင်္ကာပူနိုင်ငံပြင်ပတွင် ဖြစ်စေ)လက်ထပ်ရန်အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များထိန်းချုပ်သူ၏ခွင့်ပြုချက်ကိုသင်လိုအပ်သည်။ဤအချက်သည်သင့် အလုပ်လုပ်ခွင့်ပါမစ်ပျက်ပြယ်သွားပြီးသည့်နောက်တွင်လည်းအကျိုးသက်ရောက်သည်။

- အကယ်၍သင်သည်စင်္ကာပူနိုင်ငံသားတစ်ဦးသို့မဟုတ်အမြဲတမ်းနေထိုင်ခွင့်ရသူတစ်ဦးကိုလက်ထပ်မထားလျှင်နှင့်အလုပ် လုပ်ကိုင်ခွင့်လက်မှတ်များထိန်းချုပ်သူ၏ခွင့်ပြုချက်သင့်တွင်မရှိလျှင်သင်သည်စင်္ကာပူနိုင်ငံတွင်ကိုယ်ဝန်မဆောင်ရပေ။သို့ မဟုတ်ကလေးမမွေးရပေ။ဤအချက်သည်သင့်အလုပ်လုပ်ခွင့်ပါမစ်ပျက်ပြယ်သွားပြီးသည့်နောက်တွင်လည်းအကျိုးသက် ရောက်သည်။

## ၄) လိုင်စင်မဲ့အလုပ်အကိုင်ခန့်ထားမှုကိုယ်စားလှယ်မလုပ်ပါ နှင့်၊

အောက်ပါတို့ကဲ့သို့သော MOM မှ လိုင်စင်တစ်ခု မပါဘဲ  အလုပ်အကိုင်ခန့်ထားမှု ကိုယ်စားလှယ် လုပ်ဆောင်မှုများကို မည်သည့် ပုံစံဖြင့်မဆို လုပ်ဆောင်ခြင်းသည် တရားဥပဒေနှင့် ဆန့်ကျင်သည်။

(i) ၎င်းတို့အား ကူညီအလုပ်ရှာဖွေပေးရန်ရည်ရွယ်ချက်ဖြင့်မိသားစု သို့မဟုတ် မိတ်ဆွေများထံမှ ငွေ သို့မဟုတ် အကျိုးခံစားခွင့်များ ကောက်ခံခြင်း

(ii) ၎င်းတို့အား ကူညီအလုပ်ရှာဖွေပေးရန် ရည်ရွယ်ချက်ဖြင့် မည်သည့် ကိုယ်ရေးကိုယ်တာ မှတ်တမ်း မတ်ရာ သို့မဟုတ် ကိုယ်ရေးမှတ်တမ်းအကျဉ်း/CV ကို မည်သည့် အလုပ်လျှောက်ထားသူထံမှ မဆိုကောက်ယူစုဆောင်းခြင်း

(iii) မည်သည့်အလုပ်ရှင် သို့မဟုတ် အလုပ်လျှောက်ထားသူ ကိုယ်စား အလုပ်လုပ်ခွင့်လက်မှတ် လျှောက်လွှာတင်သွင်းခြင်း၊ နှင့်/သို့မဟုတ်

(iv) မည်သည့် အလုပ်ရှာသူကိုမဆို  အလုပ်ရှင်တစ်ယောက်နှင့် နေရာချထားပေးရန် ကူညီခြင်း

ဤပြစ်မှုများအနက် မည်သည့်ကိုမဆို ကျူးလွန်ခြင်းအတွက် ပြစ်ဒဏ်မှာ အများဆုံး ဒဏ်ငွေ  စင်္ကာပူဒေါ်လာ ၈၀၀၀၀ နှင့်/သို့မဟုတ် ထောင်ဒဏ် နှစ်နှစ် ဖြစ်သည်။ သင့် အလုပ်လုပ်ခွင့်ပါမစ်ကို ပယ်ဖျက်လိမ့်မည်။ သင့်အား ဇာတိတိုင်းပြည်သို့ ပြန်ပို့မည်ဖြစ်ပြီး နောင်အနာဂတ်တွင် သင့်အား စင်္ကာပူတွင် အလုပ်လုပ်ရန် ခွင့်ပြုလိမ့်မည် မဟုတ်ပေ။

## ၅) လိုင်စင်မဲ့ အလုပ်အကိုင်ခန့်ထားမှု ကိုယ်စားလှယ် သို့မဟုတ် အေဂျင်စီ မလုပ် ပါနှင့်

- မည်သည့် လိုင်စင်မဲ့ အလုပ်အကိုင်ခန့်ထားမှု ကိုယ်စားလှယ်၏ ဝန်ဆောင်မှုတွင်မဆို ပါဝင်လုပ်ဆောင်ခြင်းသည ဥပဒေနှင့် ဆန့်ကျင်သည်။

- အကယ်၍ သင်သည် လိုင်စင်မဲ့ အလုပ်အကိုင်ခန့်ထားမှု ကိုယ်စားလှယ် လုပ်ဆောင်ပြီး အလုပ်အကိုင် ရှာမတွေ့နိုင်ပါက သင်ပေးခဲ့သည့် အေဂျင်စီအခကို ဆုံးရှုံးရနိုင်သည်။ လိုင်စင်မဲ့ အလုပ်အကိုင်ခန့်ထားမှု ကိုယ်စားလှယ် လုပ်ဆောင်ခဲ့သည့် အကြိမ်တစ်ကြိမ်စီအတွက် သင့်အား ဒဏ်ငွေ  စင်္ကာပူဒေါ်လာ ၅၀၀၀ အထိ တပ်ရိုက်လိမ့်မည် ။

**သင်၏ အလုပ်အကိုင်ခန့်ထားမှု ကိုယ်စားလှယ် သို့မဟုတ် အေဂျင်စီသ သည် MOM တွင် တွင်လိုင်စင်ရထားသလားဆိုသည်ကို အမြဲတမ်း စစ်ဆေးပါ ။**

- အလုပ်အကိုင်ခန့်ထားမှု အေဂျင်စီ ဝန်ထမ်း၏ မှတ်ပုံတင်ကတ်ကို ကြည့်ရန် တောင်းဆိုပါ (အောက်ပါ နမူနာကိုကြည့်ပါ)။ ထိုကတ်ပေါ်တွင်ဖော်ပြထားသည့် အမည်နှင့် မှတ်ပုံတင်အမှတ်ကို ရေးမှတ်ထားပါ။

- သင်သည် လိုင်စင်ရ အေဂျင်စီတစ်ခုနှင့် ဆက်ဆံနေကြောင်း အတည်ပြုရန် www.mom.gov.sg/eadirectory၌MOM ၏ အလုပ်အကိုင်ခန့်ထားမှု အေဂျင်စီ လမ်းညွှန်တွင် သင့် ကိုယ်စားလှယ်၏ အမည်ကို စစ်ဆေးပါ




*လိုင်စင်ရ  အလုပ်အကိုင်ခန့်ထားမှု အေဂျင်စီ၏ မှတ်ပုံတင်ကတ် နမူနာ*


လိုင်စင်မဲ့အလုပ်အကိုင်ခန့်ထားမှုအေဂျင်စီလုပ်ဆောင်မှုများအားဆောင်ရွက်နေသောမည်သူ့ကိုမဆိုသင်သိပါကသတင်းပို့ သင့်သည်။သင်မည်သူမည်ဝါဖြစ်ကြောင်းကိုလျှို့ဝှက်ထားရှိပါမည်။

### အလုပ်လုပ်ကိုင်ခွင့်ပါမစ်ပါစည်းကမ်းချက်များကိုဖောက်ဖျက်ခြင်းအတွက်ပြစ် ဒဏ်

အထက်ဖော်ပြပါအလုပ်လုပ်ကိုင်ခွင့်ပါမစ်ပါစည်းကမ်းချက်များအနက်မည်သည့်ကိုမဆိုသင်ဖောက်ဖျက်ပါကသင့်အလုပ်လုပ် ခွင့်ပါမစ်ကိုပယ်ဖျက်လိမ့်မည်ဖြစ်ပြီးနောင်ကာလစင်္ကာပူတွင်အလုပ်လုပ်ရန်သင့်အားခွင့်ပြုလိမ့်မည်မဟုတ်ပေ။

# အလုပ်ရှင်၏တာဝန်ဝတ္တရားများ

သင့်အလုပ်အကိုင်ခန့်ထားမှုကာလတွင်းဖြည့်ဆည်းပေးရမည့်တာဝန်ဝတ္တရားများသင့်အလုပ်ရှင်တွင်ရှိသည်။သင့်အားအလုပ်အကိုင် ခန့်ထားမှုအတွက်စည်းကမ်းချက်တစ်ရပ်အဖြစ်သင့်ထံမှငွေတောင်းခံရန်သို့မဟုတ်လက်ခံရန်သင့်အလုပ်ရှင်အားခွင့်မပြုပါ။အောက် ပါကုန်ကျစရိတ်များအတွက်၎င်းကသင့်အားပေးချေခိုင်းခြင်းသို့မဟုတ်သင့်လစာမှငွေဖြတ်တောက်ခြင်းမပြုလုပ်နိုင်ပါ။



အလုပ်လုပ်ခွင့်ကတ်ပြား သက်တမ်းတိုးခြင်း




အာမခံစာချုပ်



ဆေးကုသရေးအာမခံ



ဇာတိတိုင်းပြည်သို့ပြန် ပို့စရိတ်များ



မဖြစ်မနေတက်ရမည့် သင်တန်းများ



ဆေးကုသရေးအခများ



စည်းကြပ်သည့်ပေးငွေ


ဥပမာ၊အကယ်၍သင့်အလုပ်လုပ်ခွင့်ကတ်သည်သက်တမ်းကုန်ဆုံးရန်အချိန်စေ့ရောက်ပါက သင့်အလုပ်ရှင်သည်ထိုကတ်ကိုသက် တမ်းတိုးရန်အတွက်ငွေပေးရမည်။သက်တမ်းတိုးခအတွက်၎င်းကသင့်အားပေးချေခိုင်းခြင်းသို့မဟုတ်သင့်လစာမှငွေဖြတ်တောက် ခြင်းမပြုလုပ်နိုင်ပါ။

အကယ်၍သင့်အလုပ်ရှင်သည်သင့်လစာမှငွေဖြတ်တောက်ခြင်းများပြုလုပ်ပါကမည်သည့်အတွက်ဖြတ်တောက်သည်ကိုသင့်အလုပ် ရှင်နှင့်စစ်ဆေးပါ။အကယ်၍ထိုဖြတ်တောက်မှုသည်အထက်တွင်ဖော်ပြထားသည့်ကုန်ကျစရိတ်များအနက်မည်သည့်အရာမဆိုဖြစ် က**6438 5122** ကိုခေါ်ဆိုလျက်**MOM**သို့ချက်ချင်းအစီရင်ခံပါသို့မဟုတ်1500 Bendemeer Road, Singapore 339946 ရှိMOM Services Centre သို့ သွားရောက်ပါ။


## နေရာထိုင်ခင်း

သင့် နေရာထိုင်ခင်းသည် လိုအပ်သော စံချိန်စံညွှန်းများကို ပြည့်မှီပြီး လူများ၍ပြည့်ကြပ်မနေစေရန် သင့်အလုပ်ရှင်က သေချာစွာစီစဉ်ပေးရမည်။ အကယ်၍သင့် နေရာထိုင်ခင်းသည် ညံ့ဖျင်းပြီး ဘေးမကင်းသည့် အခြေအနေများဖြစ်နေပါက **6438 5122** ကို ခေါ်ဆိုလျက် **MOM** သို့ ချက်ချင်း အစီရင်ခံပါ သို့မဟုတ်  1500 Bendemeer Road, Singapore 339946 ရှိ MOM Services Centre သို့ သွားရောက်ပါ။


ညံ့ဖျင်းပြီး ဘေးမကင်းသော အခြေအနေများ ပါဝင်သည့် ဥပမာများမှာ




လူများ၍ပြည့်ကြပ်နေခြင်း



စနစ်တကျဖြစ်သော ရေဆိုးနုတ်စနစ် သို့မဟုတ် လေဝင်လေထွက် ကင်းမဲ့ခြင်း



ပိုးမွှားတိရစ္ဆာန်များ ကျရောက်နေခြင်း (ဥပမာ ကြွက်များ၊ ခြင်များ၊ ပိုးဟပ်များ)



သင့် အဆောင်အတွင်းတွင် ပျက်စီးနေသော သို့မဟုတ် မပြင်ဘဲထားသော ပံ့ပိုးပစ္စည်းများ

ကွန်ဒိုများ၊ဆိုင်အိမ်ခန်းများနှင့်တိုက်တန်းများကဲ့သို့ပုဂ္ဂလိကလူနေရပ်ကွက်ဧရိယာများတွင်သင်တည်းခိုနေထိုင်ကောင်းနေထိုင်နိုင် သည်။ပုဂ္ဂလိကလူနေရပ်ကွက်ဧရိယာများတွင်နေထိုင်ရန်အများဆုံးအလုပ်သမား ၆ ယောက်အထိခွင့်ပြုထားသည်။သင်ကဲ့သို့ နေရာထိုင်ခင်းတစ်ခုတည်းတွင်နေထိုင်နေသည့်လုပ်သား ၆ ယောက်ထက်ပို၍ရှိပါကပြောင်းထွက်ရန်သင့်အလုပ်ရှင်နှင့်စီစဉ်မှုများပြု လုပ်ပါ။

## သင့်လိပ်စာနောက်ဆုံးအခြေအနေကိုအကြောင်းကြားခြင်း

သင့်အလုပ်ရှင်ကMOMကိုပြခဲ့သည့်လိပ်စာ၌သင်နေထိုင်ရမည်။အကယ်၍သင်ကိုယ်ပိုင်နေရာထိုင်ခင်းရှာဖွေခဲ့ပါကသို့မဟုတ်မည်သည့်အချိန်တွင်မဆိုသင့်နေရာထိုင်ခင်းပြောင်းလဲခဲ့ပါကသင့်အနေဖြင့်သင်၏နောက်ဆုံးနေထိုင်ရာလိပ်စာကိုသင့်အလုပ်ရှင်အားအ ကြောင်းကြားရမည်။၎င်းတို့အနေဖြင့်MOMကိုအကြောင်းကြားနိုင်စေရန်ဖြစ်သည်။သင်ထိုသို့လုပ်ဆောင်ရန်ပျက်ကွက်ခဲ့ပါကသင့်အ လုပ်လုပ်ခွင့်လက်မှတ်ကိုပြန်လည်ရုပ်သိမ်းလိမ့်မည်။

## အများနှင့်ဆိုင်သောပတ်ဝန်းကျင်သန့်ရှင်းရေးကိုကျင့်သုံးပါ။

သင်ကျန်းမာနေပြီးနာမကျန်းဖြစ်မလာရစေရန်သင်နေသည့်နေရာကိုသန့်ရှင်းပြီးသပ်ယပ်အောင်ထားပြီး

- ကြမ်းပိုးများကိုကာကွယ်တားဆီးရန်သင့်အိပ်ယာကိုသန့်ရှင်းစွာထားပါ။
- ပိုးဟပ်များနှင့်ကြွက်များကဲ့သို့သောပိုးမွှားတိရစ္ဆာန်များကိုကာကွယ်တားဆီးရန်သင်နေထိုင်ရာပတ်ဝန်းကျင်ကိုသန့်ရှင်းစွာ ထားပါ။
- ခြင်ပေါက်ဖွားခြင်းမှကာကွယ်တားဆီးရန်ရေပုပ်များကိုဖယ်ရှားပါ။

## အိမ်ခန်း ပြဿနာများကိုသင့်အဆောင်တာဝန်ခံကိုအစီရင်ခံခြ င်း

DormWatch app

*အိမ်ခန်းပြဿနာများကိုအစီရင်ခံရန်သင့်အတွက်အခမဲ့မိုဘိုင်းအပလီကေးရှင်း*

သင်အဆောင်တစ်ခုတွင်နေပါကချို့ယွင်းချက်များ၊ကျိုးပဲ့နေသောပံ့ပိုးပစ္စည်းများသို့မဟုတ်ကိရိယာများနှင့်ပတ်သက်၍အဆောင် တာဝန်ခံကိုတိုက်ရိုက်အစီရင်ခံရန်DormWatch အပလီကေးရှင်းကိုဒေါင်လို့လုပ်ပါ။၎င်းကိစ္စရပ်တိုးတက်မှုနှင့်ပတ်သက်၍ MOM ကိုလည်းအကြောင်းကြားနေမည်ဖြစ်ပြီးလိုအပ်ပါကထိုအဆောက်အဦးပစာကိုစုံစမ်းစစ်ဆေးရန်ကြားဝင်ဆောင်ရွက်လိမ့်မည်။၎င်းအပလီကေးရှင်းကိုအောက်ပါ QR ကုတ်အားစကန်ဖတ်ခြင်းဖြင့်သင်ဒေါင်းလုပ်ဆွဲယူနိုင်သည်။

Download on the App Store

GET IT ON Google Play

# အလုပ်အကိုင်ခန့်ထားခြင်းလိမ်လည်မှုများ

အလုပ်အကိုင်ခန့်ထားခြင်း လိမ်လည်မှုများ၏ သားကောင်တစ်ယောက် ဖြစ်လာရခြင်းကို သတိမူပါ -

- **နာမည်သာရှိသည့်ကုမ္ပဏီ/လွှတ်ပေးလိုက်သည့်အလုပ်သမား / တရားမဝင်အလုပ်အကိုင်ခန့်ထားခြင်း** - စင်္ကာပူတွင်ဆိုက်ရောက်ပြီးနောက်သင့်အားကတိပြုထားခဲ့သည့်အလုပ်ရှင် သို့မဟုတ် အလုပ်သည်မရှိခြင်းကြောင့်သင့်တွင်အလုပ်မရှိကြောင်းတွေ့ရတတ်သည်၊သို့မဟုတ်သင့်အားသင့်အလုပ်ကိုတရားမဝင်ရှာဖွေခိုင်းတတ်သည်။

- **ကြေညာချက်အတု-** သင့်အလုပ်ရှင်သည်သင်မတက်ရောက်ခဲ့သည့်ကျောင်းတစ်ကျောင်းမှအတုလုပ်ထားသည့်ပညာရေးဆိုင်ရာလက်မှတ်တစ်ခုဖြင့်သင့်အလုပ်လုပ်ခွင့်ပါမစ်ကိုလျှောက်ထားသည်။

- **မသာမာကြေး-** စင်္ကာပူတွင်အလုပ်လုပ်ရန်သို့မဟုတ်သင့်အလုပ်လုပ်ခွင့်ပါမစ်ကိုသက်တမ်းတိုးရန်သင့်အလုပ်ရှင်အားသင်ငွေပေးခဲ့သည်။

- **လစာတင်ပြချက်အတု-** သင့်အလုပ်ရှင်သည် MOMသို့ယေဘုယျသဘောတူခွင့်ပြု(IPA) စာတွင်သင့်အားငင်းတို့ပေးနေမည့်လစာထက်ပိုမိုများပြားသောလစာကိုတင်ပြထားသည်။

အကယ်၍သင်သည်ဤလိမ်လည်မှုများအနက်မည်သည့်လိမ်လည်မှုမဆို၏သားကောင်တစ်ယောက်ဖြစ်ခဲ့ပါက**6438 5122** ကိုခေါ်ဆိုလျက်**MOM**သို့ချက်ချင်းအစီရင်ခံပါသို့မဟုတ်1500 Bendemeer Road, Singapore 339946 ရှိMOM Services Centre သို့သွားရောက်ပါ။

# ဘေးအန္တရာယ်ကင်းရှင်းမှု

## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းမှု

သင်ဆောက်လုပ်ရေးလုပ်ငန်းတွင်အလုပ်လုပ်ပါက၊ဆောက်လုပ်ရေးဘေးအန္တရာယ်ကင်းရှင်းမှုရင်းနှီးကျွမ်းဝင်စေရေးသင်တန်းကိုသင်တက်ပြီးရမည်။လုပ်ငန်းခွင်တွင်ဤသင်တန်းအတွင်းသင်ယူခဲ့ရသည်များနှင့်သင့်အလုပ်ရှင်သို့မဟုတ်ကြီးကြပ်ရေးမှူးကပေးသည့်ဘေးအန္တရာယ်ကင်းရှင်းရေးညွှန်ကြားချက်များကိုသင်လိုက်နာရမည်။

- သင်လုပ်နေသည့်အလုပ်အတွက်မှန်ကန်သည့်တစ်ကိုယ်ရေကာကွယ်ရေးကိရိယာများ (PPE) (ဥပမာဦးထုပ်မာ၊ဘေးကင်းရေးမျက်မှန်၊နားအဆို့များ၊လက်အိတ်များနှင့်ဘေးကင်းရေးဘွတ်ဖိနပ်များ)ကိုအမြဲတမ်းဝတ်ဆင်ပြီးPPE သည်မပျက်စီးဘဲအခြေအနေကောင်းမွန်ရမည်။

- ဘေးကင်းရေးသိုင်းကြိုးဆိုင်းကြိုးများကိုဝတ်ဆင်ပြီးငင်းကိုတည်ငြိမ်သောချိတ်ဆွဲနေရာတစ်ခုတွင်မြဲမြံအောင်ချည်နှောင်ရမည်။

- မစွန့်စားပါနှင့်သို့မဟုတ်ဖြတ်လမ်းမလိုက်ပါနှင့်သို့မဟုတ်ဘေးအန္တရာယ်ကင်းရှင်းရေးစည်းမျဉ်းများကိုလျစ်လျူမရှုပါနှင့်။




## အတွေ့ရများသောဘေးအန္တရာယ်များကိုသတိထားပြီးမိမိကိုယ်ကိုဘေးကင်းအောင်ထားပါ။



### အမြင့်တွင်အလုပ်လုပ်ခြင်း

- အမြင့်တွင်အလုပ်လုပ်သောအခါသင့်တော်ခိုင်ခန့်သောစင်များကိုအသုံးပြုပါ။



- လှေကားများကိုအသုံးပြုသောအခါသုံးနေရာထိစပ်မှုကိုအမြဲထိန်းထားပါ။



### ပြုတ်ကျလာသည့်အရာများကိုသတိပြုပါ။

- တွဲလောင်းချိတ်ထားသည့်ဝန်များမှလွတ်ကင်းအောင်နေပါ။
- ကိရိယာများနှင့်ပစ္စည်းများကိုအပေါက်ဝများအနီးတွင်မထားပါနှင့်သို့မဟုတ်မသိမ်းဆည်းပါနှင့်။
- သင်၏ဘေးကင်းရေးဦးထုပ်နှင့်သံမဏိဖုံးထားသည့်ဘွတ်ဖိနပ်များကိုစီးပါ။




### လိမ့်ကျမှုမှကာကွယ်တားဆီးခြင်း

- အလုပ်နေရာကိုခြောက်သွေ့သန့်ရှင်းပြီးဖိတ်စင်မှုများနှင့်ဝါယာကြိုးများကဲ့သို့သောခလုတ်တိုက်နိုင်သည့်ပစ္စည်းများကင်းစင်အောင်ထားပါ။
- လှေကားများကိုအသုံးပြုသောအခါလက်ရမ်းကိုကိုင်ပါ။
- မချော်နိုင်သည့်ဘေးကင်းရေးဘွတ်ဖိနပ်များကိုစီးပါ။




### လျှပ်စစ်ဘေးအန္တရာယ်များ

- ချွတ်ယွင်းနေသောလျှပ်စစ်ကိရိယာများသို့မဟုတ်ချွတ်ယွင်းနေသောပလပ်ပေါက်များကိုအသုံးမပြုပါနှင့်။
- အလုပ်ဧရိယာကိုသန့်ရှင်းပြီးခြောက်သွေ့အောင်ထားပါ။




- လျှပ်စစ်လုပ်ငန်းကိုခြောက်သွေ့သောအခြေအနေများတွင်သာဆောင်ရွက်ပါ။
- ရာဘာလက်အိတ်များနှင့်ဘွတ်ဖိနပ်များကိုဝတ်ဆင်ပါ။






- တိုးချဲ့ကြိုးများနှင့်လျှပ်စစ်ပစ္စည်းများကိုအသုံးပြုသောအခါ "ဘေးအန္တရာယ်ကင်းရှင်းမှုအမှတ်အသား" ပါသည့်ပစ္စည်းများကိုသာအသုံးပြုပါ။ (အောက်ပါလိုဂိုကိုကြည့်ပါ)






SAFETY MARK
1 2 3 4 5 6 - 0 0





**အလုံပိတ်နေရာများ**

- အလုံပိတ်နေရာတစ်ခုကိုမဝင်ရောက်မီဓာတ်ငွေ့စစ်ဆေးမှုတစ်ခုကိုအမြဲတမ်းပြုလုပ်ပါ။
- အလုံပိတ်နေရာတစ်ခုကိုမဝင်ရောက်မီကာကွယ်ရေးကိရိယာများဝတ်ဆင်ပါ (ဥပမာအသက်ရှူကိရိယာ၊ခန္ဓာကိုယ်သိုင်းကြိုးအပြည့်အစုံနှင့်ကယ်တင်ရေးကြိုး)

**မီးဘေးအန္တရာယ်များ**


- ပူသောအလုပ်များကိုမဆောင်ရွက်မီပျော်ဝင်မှုကိုအားပေးသောဖျော်ရည်များဖိအားပေးထားသောဓာတ်ငွေ့ဘူးများနှင့်လွှစာမှုန့်များကဲ့သို့သောမီးလောင်လွယ်သောပစ္စည်းများကိုသတိပြုပါ။
- မီးလောင်လွယ်သောပစ္စည်းများကိုအလုံပိတ်ထည့်စရာများတွင်သိမ်းထားပြီး၎င်းတို့ကိုကောင်းစွာလေဝင်လေထွက်ပြုလုပ်ထားသောဧရိယာများတွင်သိုလှောင်ပါ။

**အလုပ်ခွင်တွင်ယာဉ်မောင်းခြင်း**

- ယာဉ်များကိုသတိထားပြီးအလုပ်ခွင်တွင်သွားလာသောအခါလူသွားလမ်းမှသွားပါ။
- အိပ်ငိုက်စေသောဆေးကိုသင်သောက်နေပါကယာဉ်မောင်းနှင်ခြင်းကိုရှောင်ကြဉ်ပါ။
- အကယ်၍သင်သည်အချိန်ကြာမြင့်စွာမောင်းနှင်နေပါကအညောင်းဆန့်ရန်နှင့်အနားယူရန်ခေတ္တနားပါ။
- နောက်မဆုတ်မီမမြင်နိုင်သောနေရာများကိုစစ်ဆေးပါ။
- ယာဉ်များအနားမကပ်နေစေရန်သင့်အလုပ်ဧရိယာတစ်ဝိုက်တွင်လမ်းတား ကတော့များချထားပါ။

## ဆေးကုသမှုတောင်းခံခြင်း

သင်နာမကျန်းဖြစ်ပြီးဆရာဝန်နှင့်ပြရန်လိုအပ်ပါကသင့်အလုပ်ရှင်အားအကြောင်းကြားပါ။ဤနေရာများတွင် ဆရာဝန်ဖြင့်တွေ့နိုင်ပါသည်။



MOM အသိအမှတ်ပြု သင့်အလုပ် သို့မဟုတ် နေထိုင်ရာနှင့် အနီးကပ်ဆုံး**ကျန်းမာရေးစင်တာများ**

**OR**



MOM ကသတ်မှတ်ထားသော**အထွေထွေကုသရေး (GP) ဆေးခန်းများ**



**FWMOMCare app**မှ**Telemedicine ဆရာဝန်** (အွန်လိုင်းအကြံပေးအတွက်သာ)


သင်၏ အလုပ်ရှင်ကသင့်အားဆရာဝန်ပြခွင့်ပြုရမည့်အပြင်၊သင်၏ဆေးကုသစားရိတ်ကိုလည်းပေးရန်ဝှင်းတွင်တာဝန်ရှိသည်။သင်၏ဆေးကုမှုအထောက်အထားစာရွက်နှင့်၊ပေးချေရသောဆေးကုသစားရိတ်ကိုသင့်အလုပ်ရှင်အားပေးရန်၊သင်ဆေးကုသရာဌာနမှတောင်းယူပါ။သင်ကလည်းထိုအထောက်အထားများကိုဓာတ်ပုံရိုက်ပြီးသိမ်းထားရမည်၊

အကယ်၍ သင့် အလုပ်ရှင်သည် သင့်အား ဆေးကုသမှုပေးအပ်ရန် သို့မဟုတ် သင့်ဆေးကုသမှုအတွက်ငွေပေးချေရန် ငြင်းဆိုပါက 6438 5122 ကို ခေါ်ဆိုလျက် MOM သို့ ချက်ချင်း အစီရင်ခံပါ သို့မဟုတ် 1500 Bendemeer Road, Singapore 339946 ရှိ MOM Services Centre သို့သွားရောက်ပါ။ အချက်အလက်များအားလုံးကို တင်းကျပ်စွာ လျှို့ဝှက်ထားရှိပါမည်

## အလုပ်မှာဒဏ်ရာအနာတရဖြစ်ခြင်း

သင့်အလုပ်ရှင်သည်၎င်း၏ဝန်ထမ်းအားလုံး၏ဘေးအန္တရာယ်ကင်းရှင်းမှု၊ကျန်းမာရေးနှင့်ကောင်းကျိုးချမ်းသာအတွက်တာဝန်ရှိသည်။

## အလုပ်တွင်သင်ဒဏ်ရာအနာတရဖြစ်ပါကဘာလုပ်ရမည်နည်း။




၁ သင်၏ ဒဏ်ရာအနာတရဖြစ်မှုကို သင့် ကြီးကြပ်ရေးမှူး/အလုပ်ရှင်အား သတင်းပို့ပြီး လျှင်မြန်စွာ ကုသမှုရယူပါ။ အကယ်၍ ဆရာဝန်/သွားဆရာဝန်ထံမှ ဆေးရုံတက်ခွင့်/ဆေးခွင့် သို့မဟုတ် တာဝန်လျှော့ပေါ့ပေးစေမှုများ ရှိပါက အကြောင်းထူးအစီရင်ခံစာတစ်ခုကို MOM သို့ တင်သွင်းရန် သင့် ကြီးကြပ်ရေးမှူး/အလုပ်ရှင်အား အကြောင်းကြားပါ။

၂ သင်အလုပ်တွင် ထိခိုက်ဒဏ်ရာရသောအခါ သင့်အလုပ်ရှင်သည် အကြောင်းထူးအစီရင်ခံစာကိုတင်သွင်းခြင်းမပြုပါကကျေးဇူးပြု၍ MOM သို့ အကြောင်းကြားပါ။ 6438 5122 သို့ ဖုန်းခေါ်ပြီး MOM သို့ အကြောင်းကြားခြင်းသို့မဟုတ် MOM ဝန်ဆောင်မှုစင်တာ(1500 Bendemeer Road, Singapore 339946) သို့ လာရောက်ပြီး MOM ဝန်ထမ်းများဖြင့် ဆက်သွယ်ပြောဆိုနိုင်ပါသည်။ သင့်အားဆက်သွယ်နိုင်မည့်အချက်အလက်များ၊ သင့်အလုပ်ရှင်၏နာမည်နှင့် မတော်တဆမှုဖြစ်သည့်ရက်စွဲများကိုသာပေးရန်လိုအပ်ပါသည်။ သင်အင်္ဂလိပ်စကားမပြောတတ်လျှင်လည်း MOM က အကူအညီပေးနိုင်ပါသည်။




၃ အလုပ်ခွင် မတော်တဆမှု အသေးစိတ်အချက်အလက်များနှင့် ပတ်သက်၍ သင့် ကြီးကြပ်ရေးမှူး/အလုပ်ရှင်နှင့် သင့် စာပေးစာယူ ပြုလုပ်မှုများ (ဥပမာ သင်၏ WhatsApp နှင့် SMS သတင်းစကားများ စသည်)ကို မှတ်တမ်းတင်ထားပါ။



၄ သင် ထိခိုက်ဒဏ်ရာရခဲ့သည့် နေရာနှင့် သင့် ဒဏ်ရာကို ဖြစ်စေခဲ့သည့် ကိရိယာများ သို့မဟုတ် စက်ကို သင့် သူငယ်ချင်းအား ဓာတ်ပုံရိုက်ခိုင်းပါ။ ထိုဓာတ်ပုံများကို ဆရာဝန်အား ပြပါ။



၅ သင့်အတွက် ဆေးကုသမှုခံယူရန်ချိန်းဆိုထားပေးပါကအခြားဆရာဝန်ထံသို့သွားမည့်အစားကျေးဇူးပြု၍ စီစဉ်ထားသော ဆေးကုသရေးဆိုင်ရာ ချိန်းဆိုမှုကိုတက်ရောက်ပါ။ ထိုသို့စီစဉ်ပေးထားသောဆေးကုသမှုဆိုင်ရာချိန်းဆိုမှုကိုပျက်ကွက်မှုသည် သင်၏ အလုပ်ခွင် ထိခိုက်ဒဏ်ရာရမှု လျော်ကြေးတောင်းခံမှုအား ဆိုင်းငံ့ထားခြင်း အကျိုးဖြစ်နိုင်လိမ့်မည်။




၆ သင့် ထိခိုက်ဒဏ်ရာရမှုများနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများ (ဥပမာ ဆေးလက်မှတ်များ၊ ဆေးကုသရေးဆိုင်ရာ ငွေတောင်းခံလွှာများ) မိတ္တူတစ်စောင်စီကို သိမ်းဆည်းထားပြီး မူရင်းများကို သင့် အလုပ်ရှင်ထံသို့ ပေးအပ်ပါ။



၇ သင့် အာမခံကုမ္ပဏီသို့မဟုတ် MOM သည် လျော်ကြေးငွေ ပမာဏကို တွက်ချက်မည်ဖြစ်ပြီး သင်နှင့် သင့် အလုပ်ရှင်တို့သို့ အကြောင်းကြားစာ တစ်စောင်ကို ထုတ်ပေးလိမ့်မည်။ အကယ်၍ ထိုပမာဏကို ကန့်ကွက်မှုမရှိပါက သင့် အလုပ်ရှင်/ အာမခံကုမ္ပဏီသည် ဝန်ဆောင်မှုအကြောင်းကြားစာထုတ်သည့် နေ့စွဲမှ ၂၁ ရက်အတွင်း သင့်အား ပေးချေရမည်။ သင့် အလုပ်ရှင်သည် သင်၏ လျော်ကြေးငွေ တောင်းခံမှုကို ကိုင်တွယ်မည်ဖြစ်ပြီး MOM ကို အကြောင်းကြားလိမ့်မည်။

## တောင်းခံမှုတစ်ခုကို တင်သွင်းခြင်း

- သင့်အလုပ်ရှင်သည် ထိခိုက်ဒဏ်ရာရသောအစီရင်ခံစာကိုMOM သို့တင်သွင်းလိုက်ပါကသင့်အတွက် လျော်ကြေးတောင်းခံမှုလျှောက်ထားခြင်းသည် အလိုအလျောက် လုပ်ဆောင်သွားမည်ဖြစ်ပါသဖြင့်၊သင်ကိုယ်တိုင် တောင်းခံမှုကိုလျှောက်ထားရန် မလိုအပ်ပါ။

- တောင်းခံမှုလျှောက်နေစဉ်သင်သည်သင့်အလုပ်ရှင်ထံတွင်ရှိနေသင့်သည်။၎င်းအနေဖြင့်သင့်အား အစားအစာနှင့်နေစရာဆက်လက်ပေးအပ်ရန်တာဝန်ရှိသောကြောင့်ဖြစ်သည်။အကယ်၍သင့်အလုပ်ရှင်သည်သင့်အားသင့်ဇာတိတိုင်းပြည်သို့ပြန်ရန်ဖိအားပေးပြီးထိုမတော်တဆမှုကိုအစီရင်မခံပါကMOMကို 6438 5122 ဖြင့်ချက်ချင်းဖုန်းဆက်ပါ။

- အကယ်၍ သင့်အလုပ်ရှင်သည်သင့်အား လေဆိပ်သို့ ပို့ကာ စင်္ကာပူမှ ထွက်ခွာရန် သင့်အားဖိ အားပေးပါက သင့်အနေဖြင့် လေဆိပ် လူဝင်မှုကောင်တာများရှိ အရာရှိများထံမှ အကူအညီ ရယူနိုင်သည်။

**သင် သိခဲ့ပါသလား။**

သင့်အားသင့် တောင်းခံမှုကိုကူညီတင်သွင်းရန်သင်ရှေ့နေတစ်ယောက်မလိုအပ်ပေ ပါ။လျော်ကြေးပမာဏမှာ၊မူသေပုံသေနည်းတစ်ခုအပေါ်တွင်အခြေခံသည်။ WICA တောင်းခံမှု၏ ၇၅% ထက်ပိုသောပမာဏကိုမတော်တဆဖြစ်သည့်ရက်စွဲမှ ရှစ်လအတွင်းဖြေရှင်းပေးပါသည်။

## မည်သည့်အတွက်ကျွန်ုပ်တောင်းခံနိုင်သနည်း၊ပမာဏမည်မျှနည်း။

WICAအရစင်္ကာပူတွင်မှတ်ပုံတင်ထားသောဆရာဝန်သို့မဟုတ် သွားဆရာဝန်နှင့်သင်ပြခဲ့မှသာလျှင်အောက်ပါလျော်ကြေးအမျိုးအစားများကိုသင်တောင်းခံနိုင်ပါသည်။

| လျော်ကြေးအမျိုးအစား | မည်သည့်အရာနည်း။ |
|---|---|
| ဆေးကုသရေး ကုန်ကျစရိတ်များ | သင်၏ ဆေးကုသရေး ကုန်ကျစရိတ်များ နှင့် အလုပ်ခွင် ထိခိုက်ဒဏ်ရာရမှုကြောင့် ဖြစ်သော အခြား ကုန်ကျစရိတ်များဥပမာ၊အလုပ်ခွင်ထိခိုက်ဒဏ်ရာရမှုဆန်းစစ်ချက်အစီရင်ခံစာများအတွက်အခကြေးငွေများ။ |
| ဆေးခွင့်လုပ်ခများ | • အကယ်၍သင့်အားအလုပ်ခွင်ထိခိုက်ဒဏ်ရာရမှုကြောင့်ဆေးရုံတက်ခွင့်/ဆေးခွင့် သို့မဟုတ် တာဝန်လျှော့ပေါ့ပေးစေမှုတို့ကိုပေးခဲ့ပါက<br>• သင်ပုံမှန်အားဖြင့်အလုပ်တွင်ရှိနေမည့်ရက်များအတွက် (အလုပ်လုပ်ရက်များ)၊သို့ရာတွင်နားရက်များသို့မဟုတ်အများပြည်သူဆိုင်ရာအလုပ်ပိတ်ရက်များအတွက်မဟုတ်၊ |
| တစ်လုံးတစ်ခဲတည်း လျော်ကြေး | • အမြဲတမ်းမစွမ်းဆောင်နိုင်ခြင်း - ထိခိုက်ဒဏ်ရာရမှုတစ်ခုသို့မဟုတ်ဆေးကုသရေးဆိုင်ရာအခြေအနေတစ်ရပ်တွင်အလုပ်လုပ်ရန်သင့်စွမ်းရည်အပေါ်၌အမြဲတမ်းသက်ရောက်ထိခိုက်မှုရှိသောအခါ။<br>• သေဆုံးခြင်း - ထိခိုက်ဒဏ်ရာရမှုတစ်ခုသည်သေဆုံးခြင်းကိုဖြစ်စေသောအခါ။ |

အလုပ်ခွင်ထိခိုက်ဒဏ်ရာရမှုလျော်ကြေးတောင်းခံရာတွင်သင်အကူအညီလိုအပ်ပါက**6438 5122**ကိုသင်ခေါ်ဆိုနိုင်ပါသည်သို့မဟုတ်1500 Bendemeer Road, Singapore 339946 ရှိ**MOM** သို့သွားရောက်ပါ။

## အတုအယောင်တောင်းခံမှုများမပြုလုပ်ပါနှင့်

အတုအယောင်တောင်းခံမှုများမပြုလုပ်ပါနှင့်သို့မဟုတ်အလုပ်ခွင်ထိခိုက်ဒဏ်ရာရမှုလျော်ကြေးရရှိရန်အလို့ငှာ သင်သည်အလုပ်ခွင်၌ထိခိုက်ဒဏ်ရာရခဲ့ကြောင်းအချက်အလက်အမှားကိုမပေးပါနှင့်၊ထိုသို့ပြုလုပ်သောအလုပ်သမားများကိုဒဏ်ရိုက်လိမ့်မည်နှင့်/သို့မဟုတ်ထောင်ချလိမ့်မည်၊၎င်းသည်စင်္ကာပူတွင်အလုပ်လုပ်ရန်ပြန်လာနိုင်လိမ့်မည်မဟုတ်ပေ။

## WICA နှင့်အများဆိုင်ဥပဒေ

ထိခိုက်ဒဏ်ရာရခဲ့သောအလုပ်သမားအများစုသည် WICA အရ မျှတပြီးလျင်မြန်သောလျော်ကြေးကိုရကြသည်။ သင်သည် MOM ထံမှ WICA တောင်းခံမှုကိုရုပ်သိမ်းပြီးထိုအစား၊အများဆိုင်ဥပဒေအရတောင်းခံမှုကို၏ ရှေ့နေဖြင့် တောင်းဆိုပိုင်ခွင့်ရှိပါသည်။ သို့သော် အများဆိုင်ဥပဒေအရတောင်းခံမှုများသည် ဖြေရှင်းရန် ပို၍ကြာတတ်ပြီးသင့်အလုပ်ရှင်၏ ပေါ့ဆမှုကြောင့် ထိခိုက်ဒဏ်ရာရခဲ့ကြောင်းခုံရုံးတွင် သက်သေပြရန်လိုအပ်သည်ကိုသိရှိထားပါ။ အချို့လူများသည် ရှေ့နေမှပွဲခများများရရန်အတွက် အလုပ်သမားများ၏ WICA တောင်းခံမှုများကိုရုပ်သိမ်းရန် လှည့်စားခံရကြောင်းတိုင်ကြားခြင်းများ ကျွန်ုပ်တို့ ရရှိပါသည်။ ထို့ကြောင့် သင့်ရွေးချယ်ရာများကိုဂရုတစိုက်စဉ်းစားပါ။

## စက်ဘ်ပူဥပဒေများ

ဤနိုင်ငံတွင်အလုပ်လုပ်နေစဉ်စက်ဘ်ပူဥပဒေများကိုသင်လိုက်နာရမည်။သို့မဟုတ်ပါကသင်ပြစ်ဒဏ်များ ရင်ဆိုင်ရလိမ့်မည်။သင့်အလုပ်လုပ်ခွင့်ပါမစ်ကိုပြန်လည်ရုတ်သိမ်းမည်ဖြစ်ပြီးနောင်အနာဂတ်တွင်စက်ဘ်ပူ သို့ဝင်ရောက်ရန်ခွင့်ပြုလိမ့်မည်မဟုတ်ပေ။

| ပြစ်မှုများ | ပြစ်ဒဏ်များ |
|---|---|
| အမှိုက်ပစ်ခြင်း | • ဒဏ်ငွေ စက်ဘ်ပူဒေါ်လာ ၂၀၀၀ အထိ၊ ထပ်တလဲလဲ ပြစ်မှုကျူးလွန်သူများအတွက် ဒဏ်ငွေ တိုးလာမည်။ |
| ရေဖြုန်းတီးခြင်း | • ထောင်ဒဏ် ၃ နှစ်အထိ သို့မဟုတ် ဒဏ်ငွေ စက်ဘ်ပူဒေါ်လာ ၅၀၀၀၀ အထိ၊ သို့မဟုတ် နှစ်ရပ်စလုံး၊<br>• ဆက်လက်၍ ပြစ်မှုကျူးလွန်လျှင် နေ့တိုင်း သို့မဟုတ် တစ်စိတ်တစ်ပိုင်းအတွက် စက်ဘ်ပူဒေါ်လာ ၁၀၀၀ |
| အများပြည်သူဆိုင်ရာ နေရာများတွင် အပေါ့သွားခြင်း | • ဒဏ်ငွေ စက်ဘ်ပူဒေါ်လာ ၁၀၀၀ အထိ၊ ထပ်တလဲလဲ ပြစ်မှုကျူးလွန်သူများအတွက် ဒဏ်ငွေ တိုးလာမည်၊ |
| နမော်နမဲ့ လမ်းလျှောက်ခြင်း | • ထောင်ဒဏ် ၃ လအထိ သို့မဟုတ် ဒဏ်ငွေ စက်ဘ်ပူဒေါ်လာ ၁၀၀၀ အထိ၊ သို့မဟုတ် နှစ်ရပ်စလုံး၊ ထပ်တလဲလဲ ပြစ်မှုကျူးလွန်သူများအတွက် ဒဏ်ငွေ တိုးလာမည်၊ |
| လူကြားသူကြားထဲတွင် အရက်မူးခြင်း | • ထောင်ဒဏ် ၁ လအထိ သို့မဟုတ် ဒဏ်ငွေ စက်ဘ်ပူဒေါ်လာ ၁၀၀၀ အထိ၊<br>• အရက်ထိန်းချုပ်ဇုံအတွင်း တွေ့ရှိသော ပြစ်မှုကျူးလွန်သူများအတွက် တစ်ဆခွဲထက် မပိုသော တိုးမြှင့် ပြစ်ဒဏ်ကို အသုံးပြုလိမ့်မည်။ |
| အများပြည်သူဆိုင်ရာ နေရာများတွင် တရားမဝင် အရက်သောက်ခြင်း | • စက်ဘ်ပူဒေါ်လာ ၁၀၀၀ ထက်မပိုသော ဒဏ်ငွေ<br>• အရက်ထိန်းချုပ်ဇုံအတွင်း တွေ့ရှိသော ပြစ်မှုကျူးလွန်သူများအတွက် တစ်ဆခွဲထက် မပိုသော တိုးမြှင့် ပြစ်ဒဏ်ကို အသုံးပြုလိမ့်မည်။ |
| ရဲဌာနသို့ လိမ်လည် သတင်းပို့ခြင်း | • ထောင်ဒဏ် ၆ လအထိ သို့မဟုတ် ဒဏ်ငွေ စက်ဘ်ပူဒေါ်လာ ၅၀၀၀ အထိ၊ သို့မဟုတ် နှစ်ရပ်လုံး၊ |
| ခိုးမှု (ခိုးယူခြင်း သို့မဟုတ် ဆိုင်မှ အလစ်သုတ်ခြင်း) | • ထောင်ဒဏ် ၃ နှစ်အထိ သို့မဟုတ် ဒဏ်ငွေ သို့မဟုတ် သာမန်ခိုးယူမှုအတွက် နှစ်ရပ်လုံး၊ |

| | |
|---|---|
| အိမ်ဖောက်ထွင်းမှု | • ထောင်ဒဏ် ၁၀နှစ်အထိ သို့မဟုတ်  ဒဏ်ငွေ သို့မဟုတ် နှစ်ရပ်စလုံး၊<br>• အကယ်၍ အိမ်ဖောက်ထွင်းမှုကို ညအချိန်တွင် ကျူးလွန်ပါက ထောင်ဒဏ် ၁၄နှစ်အထိ သို့မဟုတ်  ဒဏ်ငွေ သို့မဟုတ် နှစ်ရပ်လုံး၊ |
| တရားမဝင် စီးကရက်များကို ဝယ်ယူခြင်း သို့မဟုတ်ရောင်းချခြင်း | • တိမ်းရှောင်ခဲ့သည့် အခွန်ငွေ ပမာဏ၏ အဆ ၄၀ အထိ  ဒဏ်ငွေ နှင့်/သို့မဟုတ် ထောင်ဒဏ် ၆နှစ်အထိ<br>• ပထမဆုံး အကြိမ်အတွက် တရားရုံးက ချမှတ်သည့် အနည်းဆုံးဒဏ်ငွေနှင့်  ထပ်တလဲလဲ ပြစ်မှုကျူးလွန်သူများအတွက်  စင်္ကာပူဒေါ်လာ ၂၀၀၀ နှင့် ၄၀၀၀ အသီးသီးဖြစ်သည်။ |
| ခွင့်ပြုကာလထက် ကျော်လွန်နေထိုင်ခြင်း (အိုဗာစတေး) | • ထောင်ဒဏ် ၆ လအထိ သို့မဟုတ် ဒဏ်ငွေ စင်္ကာပူဒေါ်လာ ၄၀၀၀ အထိ၊ သို့မဟုတ် ရက်ပေါင်း ၉၀ သို့မဟုတ် ၉၀အောက်ကျော်လွန်နေထိုင်ခြင်းအတွက် နှစ်ရပ်လုံး၊<br>• ၃ ချက်ထက်မနည်းသော ကြိမ်ရိုက်ခြင်း ( သို့မဟုတ် ကြိမ်ရိုက် ရန် မသင့်ပါက  ဒဏ်ငွေ စင်္ကာပူဒေါ်လာ ၆၀၀၀) နှင့်/ သို့မဟုတ ရက်ပေါင်း ၉၀ ထက် ကျော်လွန်နေထိုင်ခြင်းအတွက်  ထောင် ဒဏ် ၆ လအထိ |
| ပြစ်မှုဆိုင်ရာ ခြိမ်းခြောက်မှုပြုခြင်း | • ထောင်ဒဏ် ၂နှစ်အထိ သို့မဟုတ်  ဒဏ်ငွေ သို့မဟုတ် နှစ်ရပ်လုံး၊<br>• အကယ်၍  ခြိမ်းခြောက်မှုသည် သေဆုံးမှု သို့မဟုတ် အပြင်းအထန် ထိခိုက်ဒဏ်ရာရမှုကို ဖြစ်စေခဲ့လျှင် သို့မဟုတ် အိမ်ရာအဆောက်အအုံကို မီးရှို့ဖျက်ဆီးခဲ့လျှင် ထောင်ဒဏ် ၇နှစ်အထိ သို့မဟုတ် ထိုထက်ပိုသော ထောင်ဒဏ် သို့မဟုတ် ဒဏ်ငွေ သို့မဟုတ် နှစ်ရပ်လုံး၊ |
| ထိခိုက်နာကျင်စေခြင်း | • ထောင်ဒဏ် ၂နှစ်အထိ သို့မဟုတ်  ဒဏ်ငွေ စင်္ကာပူဒေါ်လာ ၅၀၀၀ အထိ၊  သို့မဟုတ် နှစ်ရပ်လုံး၊<br>• ဖြစ်ပေါ်ခဲ့သည့် နာကျင်မှုသည် ပြင်းထန်လျှင် ထောင်ဒဏ် ၁၀နှစ်အထိ နှင့် ဒဏ်ငွေ  သို့မဟုတ် ကြိမ်ရိုက်ခြင်း၊ |
| တရားမဝင် စုရုံးမှု သို့မဟုတ် စီတန်းလှည့်လည်မှု | • ထောင်ဒဏ် ၂နှစ်အထိ  သို့မဟုတ် ဒဏ်ငွေ  သို့မဟုတ်  နှစ်ရပ်လုံး။ |
| အဓိကရုဏ်းဖြစ်အောင်ပြုလုပ်ခြင်း | • အဓိကရုဏ်းဖြစ်အောင်ပြုလုပ်ခြင်းအတွက်ကြိမ်ရိုက်ခြင်းနှင့် ထောင်ဒဏ်၇နှစ်အထိ<br>• လက်နက်များကို အသုံးပြုခဲ့လျှင် ကြိမ်ရိုက်ခြင်းနှင့် ထောင်ဒဏ် ၁၀နှစ်အထိ |
| ကာယိန္ဒြေကို ဖျက်ဆီးခြင်း | • ထောင်ဒဏ် ၂နှစ်အထိ သို့မဟုတ် ဒဏ်ငွေ၊ ကြိမ်ရိုက်ခြင်း သို့မဟုတ် မည်သည့် တွဲစပ်မှုမဆို။<br>• ကျူးလွန်ခြင်းခံရသူသည်အသက်၁၄အောက်ဖြစ်လျှင်ကြိမ်ရိုက်ခြင်း၊ ဒဏ်ငွေနှင့်/ သို့မဟုတ်ထောင်ဒဏ် ၅နှစ်အထိ |

| | |
|---|---|
| ဓားပြတိုက်မှု | • ထောင်ဒဏ် ၂ နှစ်နှင့် ၁၀ နှစ်အကြားနှင့် ၆ ချက်ထက် မနည်းသော ကြိမ်ရိုက်ခြင်း<br>• အကယ်၍ ဓားပြတိုက်မှုကို ညအချိန်တွင် ကျူးလွန်ပါက ထောင်ဒဏ် ၃နှစ်နှင့် ၁၄ နှစ်အကြားနှင့် ၁၂ ချက်ထက် မနည်းသော ကြိမ်ရိုက်ခြင်း |
| မူးယစ်ဆေးဝါး ရောင်းဝယ်ခြင်းနှင့် အသုံးပြုခြင်း | • ထောင်ဒဏ် နှစ် ၃၀ အထိနှင့် ကြိမ်ဒဏ် ၁၅ ချက် သို့မဟုတ် မူးယစ်ဆေးဝါး ရောင်းဝယ်ခြင်းအတွက် သေဒဏ်ကိုတောင် ချမှတ်နိုင်သည်၊<br>• မူးယစ်ဆေးဝါးအသုံးပြုခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်းအတွက် ထောင်ဒဏ် ၁၀ နှစ် အထိ သို့မဟုတ် ဒဏ်ငွေ စင်္ကာပူဒေါ်လာ ၂၀၀၀၀ အထိ၊ သို့မဟုတ် နှစ်ရပ်လုံး၊ |
| လူသတ်မှု | • မဖြစ်မနေပြုလုပ်ရမည့် သေဒဏ် (သေစေလိုသော ရည်ရွယ်ချက်ဖြင့် ပြုလုပ်သည့် လူသတ်မှုအတွက်)<br>• သေဒဏ်သို့မဟုတ်ထောင်ဒဏ်တစ်သက်(အခြားလူသတ်မှုအမျိုးအစားများအတွက်) |

### စင်္ကာပူနိုင်ငံတွင် အများပြည်သူ ငြိမ်ဝပ်ပိပြားမှု

တရားမဝင်စုရုံးမှုသို့မဟုတ်စီတန်းလှည့်လည်မှုတစ်ခုကိုလုပ်ဆောင်ခြင်း၊သို့မဟုတ်၎င်းစုရုံးမှုတို့တွင်ပါဝင်ခြင်းသည်ပြစ်မှုဖြစ်သည်။မည်သည့်ပုဂ္ဂိုလ်၊လူအုပ်စုသို့မဟုတ်မည်သည့်အစိုးရ၏အမြင်များသို့မဟုတ်လုပ်ဆောင်မှုများအားထောက်ခံသည်၊သို့မဟုတ်ကန့်ကွက်သည်ကိုပြသရန်၊အများပြည်သူဆိုင်ရာနေရာတစ်ခုတွင်ကြီးမားသောလူအုပ်စုလိုက်မစုစည်းရဟုဆိုလိုသည်။အကယ်၍သင့်အားဖမ်းမိပါကသင့်အလုပ်လုပ်ခွင့်ပါမစ်ကိုဖျက်သိမ်းလိမ့်မည်။

### လာဘ်ပေးလာဘ်ယူ


စင်္ကာပူနိုင်ငံသည် လာဘ်ပေးလာဘ်ယူမှုနှင့် ပတ်သက်၍လုံးဝသည်းမခံသည့်ကိုင်တွယ်ဖြေရှင်းနည်းကိုကျင့်သုံးသည်။မျက်နှာသာပေးမှုရယူရန်လာဘ်ပေးခြင်းသည်ပြင်းထန်သောပြစ်မှုတစ်ခုဖြစ်ပြီးအကျင့်ပျက်ခြစားမှုများစုံစမ်းစစ်ဆေးရေးဌာန(CPIB)အနေဖြင့် ထိုကဲ့သို့သော လုပ်ဆောင်မှုများတွင် ပါဝင်ပတ်သက်သူ မည်သူ့ကိုမဆို အရေးယူရန် ဆုတ်ဆိုင်းနေလိမ့်မည် မဟုတ်ပေ။ လာဘ်များသည် အောက်ပါတို့ကဲ့သို့သော ပုံစံများစွာဖြင့် လာနိုင်သည်။


ငွေ


ချေးငွေများ


လက်ဆောင်များ


ကတိကဝတ်များ


လိင်ဆက်ဆံခြင်း

လာဘ်ပေးရန် သို့မဟုတ် လာဘ်ယူရန် ကြိုးစားခြင်းသည် ပြစ်မှုတစ်ခုဖြစ်သည်။

## လာဘ်ပေးလာဘ်ယူမှုအတွက် ပြစ်ဒဏ်များ

ထောင်ဒဏ် ၅ နှစ် အထိ သို့မဟုတ်  ဒဏ်ငွေ စင်္ကာပူဒေါ်လာ ၁၀၀၀၀၀ အထိ၊  သို့မဟုတ် နှစ်ရပ်လုံး၊ သင့်အလုပ်လုပ်ခွင့်ပါမစ်ကို ပယ်ဖျက်နိုင်မည်ဖြစ်ပြီး နောင်အနာဂတ်တွင် သင့်အား စင်္ကာပူနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုလိမ့်မည်မဟုတ်ပေ။

## လာဘ်ပေးလာဘ်ယူမှုကိုအစီရင်ခံခြင်း

လာဘ်ပေးရန်သို့မဟုတ်လာဘ်ယူရန်သင့်အားချဉ်းကပ်လာပါကဤကိစ္စကိုအောက်ပါလမ်းကြောင်းများမှတစ်ဆင့်CPIBသို့သင်အစီရင်ခံနိုင်သည်။

၁) 2 Lengkok Bahru, Singapore 159047 တွင်ရှိသောCPIB သို့မဟုတ် 247 Whitley Road, Singapore 297830 တွင်ရှိသော Corruption Reporting and Heritage Centre သို့ဝင်သွားပါ။
၂) ၂၄နာရီအထူးဖုန်းလိုင်းကို1800-376-0000 ဖြင့်ဖုန်းဆက်ပါ။
၃) report@cpib.gov.sgသို့အီးမေးလ်ပို့ပါ။

## SGSecure -နိုးကြားပါ၊စည်းလုံးပါ၊ကြံ့ခိုင်ပါ။

အကြမ်းဖက်မှုအားမည်သည့်ပုံစံဖြင့်ထောက်ခံမှုမဆိုကို၊အစိုးရကလျစ်လျူရှုလိမ့်မည်မဟုတ်ပါ။အကြမ်းဖက်မှုအားထောက်ခံသည့်မည်သည့်လုပ်ဆောင်မှုတွင်မဆိုပါဝင်သော၊မည်သည့်ပုဂ္ဂိုလ်ကိုမဆိုမည်သည့်လူမျိုးပင်ဖြစ်စေကျွန်ုပ်တို့အနေဖြင့်ခိုင်မာပြီးပြတ်သားသောအရေးယူဆောင်ရွက်မှုပြုလိမ့်မည်ဖြစ်သည်။

အကြမ်းဖက်မှုနှင့်ဆက်နွှယ်နေသော၊လှုပ်ရှားဆောင်ရွက်မှုများတွင်ထောက်ခံမှုပြသည့်၊သို့မဟုတ်ပါဝင်သည့်၊မည်သည့်ပုဂ္ဂိုလ်ကိုမဆိုသင်မြင်တွေ့ပါက**1800-255-0000** ဖြင့်ရဲဌာနကိုအကြောင်းကြားပါ။

သင့်အဆောင်များနှင့်အလုပ်ခွင်များတွင်မသင်္ကာဖွယ်အပြုအမူများနှင့်၊မအပ်စပ်ပုံရသည့်ပိုင်ရှင်မဲ့သို့မဟုတ်စွန့်ပစ်ထားသောပစ္စည်းများကိုသတိရှိပါ။

အရေးအခင်းကာလများတွင်အရေးကြီးသောသတိပေးချက်များကိုလက်ခံရရှိရန်အတွက်**SGSecure app** ကိုဒေါင်းလုပ်ဆွဲရန်ဤQR ကုတ်ကိုစကန်ဖတ်ပါ။၎င်းမှာအကြောင်းထူးများကိုသတင်းပို့ရန်နှင့်၊အာဏာပိုင်များထံမှအသုံးဝင်သောအချက်အလက်များကိုဒေါင်းလုပ်ဆွဲနိုင်ရန်ခွင့်ပြုသည်။

Download on the App Store

GET IT ON Google Play

# ငွေကြေးရေးရာများ


## ကောင်းမွန်သည့်ငွေကြေးဆိုင်ရာအမူအကျင့်များ

သင်စင်္ကာပူသို့အလုပ်လုပ်ရန်လာခဲ့သည့်အကြောင်းရင်းကိုသတိရပါ။၎င်းမှာသင့်မိသားစုထံသို့ပို့ရန်ဝင်ငွေရဖို့ဖြစ်သည်။သင့်တွင်သုံးစွဲရန်နှင့်စုဆောင်းရန်လုံလုံလောက်လောက်ရှိစေဖို့သင့်ငွေကိုစီမံခန့်ခွဲရန်အရေးကြီးသည်။

**၁။ အသုံးစရိတ်သတ်မှတ်နည်းကိုသိပါ**
အသုံးစရိတ်သတ်မှတ်ခြင်းဆိုသည်မှာသင့်ငွေဖြင့်လုပ်ဆောင်မည့်အရာကိုစီစဉ်ခြင်းဖြစ်သည်။မည်သည်ကသင့်လိုအပ်ချက်များဖြစ်သည်ကိုနားလည်ပါ။ဥပမာသင့်မိသားစု၏ကျန်းမာရေးစောင့်ရှောက်မှု၊သို့မဟုတ်ပညာရေးအသုံးစရိတ်များကိုပေးချေခြင်း၊ထို့နောက်မည်မျှစုဆောင်းမည်ကိုစီစဉ်ပါ။သင့်လိုအပ်ချက်များအတွက်ငွေကိုသင်ဖယ်ထားသင့်သည်။

**၂။ သင့် စုဆောင်းငွေကို တိုးပွားပါစေ**
လစဉ် ငွေပမာဏတစ်ခုကို ဖယ်ထားပြီး ၎င်းကို သင့် ဘဏ်စာရင်းထဲတွင် ထည့်ပါ။ ဤငွေဖြင့် အိမ်ပြန်သောအခါ သင် လုပ်ဆောင်နိုင်သည့်အရာကို စီစဉ်ပါ၊ ဥပမာ အိမ်သစ်တစ်လုံး ဆောက်ခြင်း၊ စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်ခြင်း။

**၃။ မလိုအပ်သောသုံးစွဲမှုကိုလျှော့ချပါ**
ပစ္စည်းတစ်ခုကိုမဝယ်မီ၎င်းအရာကိုသင်အမှန်တကယ်လိုအပ်သလားဆိုသည်ကိုမိမိကိုယ်ကိုမေးပါ။



## ငွေကိုစိတ်ချရသောနည်းဖြင့်ပို့ပါ

- **အလိုအလျောက် ငွေလွှဲမှု Kiosk ဝန်ဆောင်မှု**
  သင့်အဆောင်များသို့မဟုတ်အပန်းဖြေစင်တာတွင်ရှိသည့်အခွင့်ရငွေလွှဲ kiosk ဝန်ဆောင်မှုများကိုအသုံး ပြုပါ။ဟာဝါလာသို့မဟုတ်၊ဟွန်ဒီပွဲစားများကဲ့သို့သောလိုင်စင်မဲ့ငွေလွှဲကိုယ်စားလှယ်များသည်၊သင့်ငွေက ယူပြီး ထွက်ပြေးကောင်းထွက်ပြေးနိုင်သည်။

- **လိုင်စင်ရငွေလွှဲဝက်ဘ်ဆိုက်များနှင့်မိုဘိုင်းလ်အက်ပ်များ**
  လိုင်စင်ရငွေလွှဲဝက်ဘ်ဆိုက်များနှင့်မိုဘိုင်းလ်အက်ပ်များကိုသာအသုံးပြုပါ။ဘယ်သောအခါမှWhatsappသို့မဟုတ်အခြားလျင်မြန်မက်ဆေ့ဂျ်ပို့ဆောင်ရေးနေရာများမှတဆင့်ငွေမပို့ပါနှင့်။ငွေလွှဲသည့်ကုမဏီသည်လိုင်စင်ရှိမရှိကိုစင်္ကာပူ၏ငွေရေးကြေးဆိုင်ရာအာဏာပိုင်၏ဝက်ဘ်ဆိုက်ဖြစ်သည့်https://eservices.mas.gov.sg/fidတွင်သူတို့၏နာမည်ကိုရှာကြည့်ခြင်းဖြင့်စစ်ဆေးနိုင်ပါသည်။

- **သင့်အလုပ်ရှင်ထံမှအကူအညီတောင်းခံခြင်း**
  သင်ကိုယ်တိုင်သင့်အိမ်သို့ငွေမပို့နိုင်လျှင်သင့်အလုပ်ရှင်ထံမှအကူအညီပေးရန်တောင်းခံပါ။သင့်အလုပ်ရှင်သည်သင့်အားငွေလွှဲပြီး ကြောင်းသက်သေကိုသင့်အား ပြရပါမည်။

  လူများထူထပ်သည့်အများပြည်သူဆိုင်ရာနေရာများတွင်ငွေပမာဏများစွာကိုသယ်ဆောင်ရသည်မှာ မလုံခြုံပါ။

  ဟာဝလာသို့မဟုတ်ဟွန်ဒီပွဲစားများကဲ့သို့သောလိုင်စင်မဲ့ငွေလွှဲအကျိုးဆောင်များသည်သင့်ငွေအား လိမ်လည်ယူကာထွက်ပြေးသွားနိုင်သဖြင့်ထိုသူတို့နှင့်မဆက်ဆံပါနှင့်။

  လိုင်စင်မဲ့ငွေလွှဲလုပ်ငန်းတစ်ခုလုပ်ဆောင်ခြင်းသို့မဟုတ်ထိုလုပ်ငန်းတစ်ခုတွင်ပါဝင်ပတ်သက်ခြင်း မှာဥပဒေနှင့်ဆန့်ကျင်သည်။ထိုသို့လုပ်ဆောင်နေစဉ်ဖမ်းမိပါကသင့်အားဒဏ်ငွေစက်ာပူဒေါ် လာ၁၀၀၀၀၀အထိတပ်ရိုက်မည်ဖြစ်သည်သို့မဟုတ်သင့်အားထောင်ဒဏ်၂နှစ်အထိချမှတ်လိမ့်မည် သို့မဟုတ်နှစ်ရပ်စလုံးချမှတ်လိမ့်မည်။သင့်အလုပ်လုပ်ခွင့်ပါမစ်ကိုပြန်လည်သိမ်းယူလိမ့်မည်။

**အကူအညီရယူပါ**
အကယ်၍ငွေကြေးဆိုင်ရာအခက်အခဲများသင်ကြုံတွေ့ရပါကလုပ်ဆောင်နိုင်သည့်အရာကိုဆွေးနွေးရန် သင့်အလုပ်ရှင်ကိုချဉ်းကပ်ပါ။အကြံဉာဏ်ရယူရန်အတွက်**6536 2692** ဖြင့်ရွှေ့ပြောင်းလုပ်သားများစင်တာ **(MWC)**ကိုလည်းသင်ဆက်သွယ်နိုင်ပါသည်။

## လိုင်စင်မဲ့ငွေချေးသူများ

လိုင်စင်မဲ့ငွေချေးသူများထံမှငွေချေးမယူပါနှင့်၊ငွေချေးသူများအတွက်ဆက်သားသို့မဟုတ်ပွဲစားများအဖြစ်မဆောင်ရွက်ပါနှင့်။အပြန်အလှန်အားဖြင့်မည်သည့်အကျိုးကျေးဇူးကိုမဆိုလက်ခံလျက်သင့်မိတ်ဆွေများအား၊ချေးငွေများပေးရန်မည်သည့်ငွေချေးသူကိုမျှမကူညီပါနှင့်။သင်ထိုသို့လုပ်ဆောင်ခဲ့လျှင်သင့်အလုပ်လုပ်ခွင့်ပါမစ်ကိုပြန်လည်သိမ်းယူမည်ဖြစ်ပြီး၊သင့်အားစက်ာပူတွင်နောက်ထပ်အလုပ်လုပ်ရန်ခွင့်ပြုလိမ့်မည်မဟုတ်ပေ။




*လိုင်စင်မဲ့ငွေချေးသူများကိုဖော်ထုတ်ရန်လေ့လာပါ*
- ၎င်းတို့တွင်ပြစ်ရာဆိုင်နေရာမရှိပါ။
- ၎င်းတို့သည်သင်က၊၎င်းတို့ထံမှချေးငွေများရယူရန် SMS/ Facebook မှတစ်ဆင့်သင့်ထံသို့သတင်းစကားပို့တတ်သည် သို့မဟုတ်သင့်အားဖုန်းခေါ်ဆိုတတ်သည်။

*လိုင်စင်မဲ့ငွေချေးသူများကိုလျစ်လျူရှုပါ*
- "အခမဲ့ငွေ" သို့မဟုတ် "အတိုးမဲ့ချေးငွေ" ကမ်းလှမ်းချက်ကိုမယုံကြည်ပါနှင့်။၎င်းသတင်းစကားများကိုလျစ်လျူရှုပြီးပို့လာသောမည်သည့်စာကိုမဆိုအမြန်ဖျက်ပစ်ပါ။

- ဤသတင်းစကားများကိုမတုံ့ပြန်ပါနှင့်၊အကယ်၍တစ်နည်းနည်းဖြင့် (သင့်အမည်၊ဖုန်းနံပါတ်၊လိပ်စာ၊ဘဏ်စာရင်းစသည်ကိုပေးခြင်း)ကိုသင်တုံ့ပြန်ခဲ့ပါက၊ထိုလိုင်စင်မဲ့ငွေချေးသူများသည်သင်ချေးငွေတစ်ရပ်ယူထားခဲ့ကြောင်းပြောဆိုကောင်းပြောဆိုနိုင်သည်။
- ၎င်းတို့ကသင့်အားထပ်မံဆက်သွယ်ပါက 999သို့မဟုတ်18002550000 ဖြင့်ရဲဌာနကိုကျေးဇူးပြု၍ဖုန်းဆက်ပါသို့မဟုတ်သင့်အလုပ်ရှင်အားပြောပါ။
- ငွေချေးယူရန်အတွက်သင့်အလုပ်လုပ်ခွင့်ပါမစ်ကိုသင့်မိတ်ဆွေများအားမငှားပါနှင့်။

## ပြစ်ဒဏ်များ

လိုင်စင်မဲ့ငွေချေးသူများ၏စီးပွားရေးလုပ်ငန်းကိုကူညီခြင်းအတွက်

- ဒဏ်ငွေစင်ကာပူဒေါ်လာ၃၀၀၀၀နှင့်၃၀၀၀၀၀အကြား
- ထောင်ဒဏ်၄နှစ်အထိ
- ကြိမ်ဒဏ်၆ချက်အထိ

လိုင်စင်မဲ့ငွေချေးသူများထံမှသင်ငွေချေးယူခဲ့ကြောင်းတွေ့ရှိပါက MOM သည်သင့်အလုပ်ရှင်အားအကြောင်းကြားမည်ဖြစ်ပြီး၊သင့်အလုပ်လုပ်ခွင့်ပါမစ်ကိုပြန်လည်သိမ်းယူမည်ဖြစ်သည်။သင့်အားမိမိနိုင်ငံသို့ပြန်ပို့မည်ဖြစ်ပြီး၊စင်ကာပူတွင်နောက်ထပ်အလုပ်လုပ်ရန်ခွင့်ပြုလိမ့်မည်မဟုတ်ပေ။

## လိုင်စင်ရငွေချေးသူများ

လိုင်စင်ရငွေချေးသူတစ်ယောက်ထံမှငွေချေးယူရန်သင်ဆုံးဖြတ်ခဲ့လျှင်အောက်ပါတို့ကိုသတိပြုပါ။




- အတိုးနှုန်းမြင့်မားခြင်းကြောင့်ပြန်ဆပ်ငွေသည်သင်ချေးယူခဲ့သည့်ပမာဏထက်များစွာများပြားလာနိုင်သည်။ဥပမာ သင်စင်ကာပူဒေါ်လာ၅၀၀ချေးယူခဲ့ပါကထိုငွေချေးသူအားစင်ကာပူဒေါ်လာ၁၀၀၀ပြန်ဆပ်ရန်လိုအပ်လိမ့်မည်။
- ကြိုသွင်းရသောစီမံခန့်ခွဲရေးအခနှင့်ပြန်ဆပ်ရာတွင်နောက်ကျပါကနောက်ကျကြေးတစ်ရပ်ပေးရန်လိုအပ်ကောင်းလိုအပ်နိုင်သည်။
- အခများနှင့်ပေးရမည့်အတိုးတို့ကိုသင့်အားရှင်းရှင်းလင်းလင်းရှင်းပြသည်မှာသေချာပါစေ။

## ချေးငွေကန့်သတ်မှုများ

စင်ကာပူနိုင်ငံတွင်ငွေချေးယူသူများအားကာကွယ်ရန်ဥပဒေများရှိသည်။ချေးငွေကန့်သတ်မှုဆိုသည်မှာ၊သင်မည်မျှဝင်ငွေရှိသည်ကိုအခြေခံလျက်၊လိုင်စင်ရငွေချေးသူများအားလုံးပေါင်းထံမှစုစုပေါင်းထိုပမာဏကိုသာသင်ချေးယူနိုင်သည်။

| အကယ်၍ သင့်ဤမျှဝင်ငွေရှိလျှင် | သင်ချေးယူနိုင်သည်မှာ |
|---|---|
| တစ်နှစ်လျှင်စင်္ကာပူဒေါ်လာ၁၀၀၀၀ထက်နည်း | စင်္ကာပူဒေါ်လာ ၅၀၀ အထိ |
| စင်္ကာပူဒေါ်လာ၁၀၀၀၀နှင့်အထက်၊သို့သော်တစ်နှစ်လျှင်စင်္ကာပူဒေါ်လာ၂၀၀၀၀ထက်နည်း | စင်္ကာပူဒေါ်လာ ၃၀၀၀ အထိ |

## မိမိဘာသာချန်လှပ်ထားခြင်းဘောင်


လိုင်စင်ရငွေချေးသူများကိုသင့်အားငွေချေးမှု၊ ခွင့်မပြုစေရန်အတွက်၊အွန်လိုင်းတွင်သင့်လျှောက်လွှာကိုတင်ခြင်းဖြင့်မိမိကိုချန်လှပ်ထားရန်၊သင်လျှောက်ထားနိုင်သည်။ဤသို့ဆောင်ရွက်ခြင်းသည်သင့်အားငွေချေးခြင်းနှင့်အကြွေးတင်ခြင်းမှကာကွယ်တားဆီးပေးလိမ့်မည်။

မိမိဘာသာချန်လှပ်ထားခြင်းသည်မိမိဆန္ဒအလျောက်ဖြစ်ပြီးအနည်းဆုံး၂နှစ်ကြာငွေချေးမယူရန်ကတိကဝတ်တစ်ခုဖြစ်သည်။

www.mlcb.com.sg ၌သင့်ကိုယ်စားလျှောက်ထားရန်အတွက်သင့်အလုပ်ရှင်သို့မဟုတ်အလုပ်အကိုင်ခန့်ထားရေးအေဂျင်စီကိုသင်မေတ္တာရပ်ခံနိုင်သည်။

## အာမခံပေးသူအဖြစ်မဆောင်ရွက်ပါနှင့်

အကယ်၍သင့်သူငယ်ချင်းသည်လိုင်စင်ရငွေချေးသူထံမှငွေချေးယူပါက၊သင့်သူငယ်ချင်း၏အာမခံပေးသူအဖြစ်သင်ကဆောင်ရွက်ခွင့်မရှိပါ။



# အသုံးဝင်သောတယ်လီဖုန်းနံပါတ်များ

**သင်အကူအညီလိုအပ်ပါက၊အကူအညီရယူရန်အတွက်အောက်ပါဖုန်းနံပါတ်များကိုအချိန်မရွေးဖုန်းဆက်နိုင်ပါသည်။**

| | |
|---|---|
| **အရေးကြီးသောတယ်လီဖုန်းနံပါတ်များ** | |
| ရဲဌာန | 999 |
| မီးသတ်ဌာန/လူနာတင်ယာဉ်ဝန်ဆောင်မှု | 995 |
| **Ministry of Manpower** | |
| အလုပ်အကိုင်ခန့်ထားမှု၊လစာနှင့်နိုင်ငံခြားသားအလုပ်သမားများ၏ကောင်းကျိုးချမ်းသာနှင့်ဆက်နွှယ်နေသောကိစ္စများ | 6438 5122 |
| **လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးကောင်စီ** | |
| လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ဆက်နွှယ်နေသောကိစ္စများ | 6317 1111 |
| **အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ** | |
| MWC (ရွှေ့ပြောင်းလုပ်သားများစင်တာ)<br>- အလုပ်အကိုင်ခန့်ထားမှုနှင့်ဆက်နွှယ်နေသောကိစ္စများ၊သို့မဟုတ်သင်အကူအညီလိုအပ်သောအခါ | 6536 2692<br>(၂၄နာရီအကူအညီပေးရေးလိုင်း) |
| SOS (Samaritans of Singapore)<br>- ကိုယ်ရေးကိုယ်တာပြဿနာများ၊စိတ်ဓာတ်ကျခြင်းအတွက်တိုင်ပင်ဆွေးနွေးခြင်းစသည် | 1800 2214 444<br>(၂၄နာရီအကူအညီပေးရေးလိုင်း) |
| HealthServe<br>- ဆေးကုသစောင့်ရှောက်မှု၊အကြံပေးခြင်း၊လူမှုဆက်ဆံရေးရာအကအညီများ | 3138 4443<br>(၂၄နာရီအကူအညီပေးရေးလိုင်း) |
| **သံရုံးများ/မဟာမင်းကြီးရုံးများ** | |
| High Commission of the People’s Republic of Bangladesh | 6255 0075 |
| Embassy of the People’s Republic of China | 6412 1900 |
| High Commission of India | 6238 2537 |
| Embassy of the Republic of Indonesia | 6737 7422 |
| Malaysian High Commission | 6235 0111 |
| ပြည်ထောင်စုမြန်မာနိုင်ငံသံရုံး | 6735 1672 |
| High Commission of the Islamic Republic of Pakistan | 6737 6988 |

| | |
|---|---|
| **Embassy of the Republic of Philippines** | 6737 3977 |
| **High Commission of the Democratic Socialist Republic of Sri Lanka** | 6254 6773 |
| **Royal Thai Embassy** | 6224 1797 |

သင်စိတ်ဖိစီးခြင်းသို့မဟုတ်စိတ်ဖိစီးခြင်းများခံစားနေရလျှင်အကူအညီရယူရန်မတုံ့ဆိုင်းပါနှင့်။သင်စိတ်ဓာတ်ကျခြင်းသို့မဟုတ်အိမ်၌ပြဿနာများရှိလျှင်တစ်စုံတစ်ယောက်ကိုစကားပြောပါ။သင်ရင်ဖွင့်စရာလူမရှိလျှင်အထက်ပါဖုန်းနံပါတ်များကိုခေါ်ခြင်းဖြင့်အကူအညီရယူနိုင်ပါသည်။သင့်ပြဿနာများကိုဖြေရှင်းပေးရန်တစ်စုံတစ်ယောက်အမြဲရှိနေသည်ကိုသတိရပါ။

## အကူအညီရယူရန်အတွက် MOMသို့မဟုတ် TADMကိုချဉ်းကပ်ပါ။

အကယ်၍သင်သည်အလုပ်အကိုင်ခန့်ထားမှုဆိုင်ရာပြဿနာများကိုရင်ဆိုင်ကြုံတွေ့ရလျှင်အကူအညီရယူရန်အတွက်**MOM** ကို**6438 5122** ဖြင့်ဆက်သွယ်နိုင်ပါသည်။

အကယ်၍သင့်တွင်လစာပြဿနာများရှိနေလျှင်အကူအညီရယူရန်အတွက်**TADM** ကိုချဉ်းကပ်နိုင်ပါသည်။ TADMသည် MOM Services Centre Level 3, 1500 Bendemeer Road, Singapore 339946 တွင်ရှိပါသည်။

သင့်လစာ၊တောင်းခံမှုများသို့မဟုတ်အမှုကိစ္စများကိုမဖြေရှင်းပေးပဲအိမ်သို့အတင်းအကြပ်ပြန်ပို့ရန်သင့်အလုပ်ရှင်ကကြိုးပမ်းပါကလေဆိပ်လူဝင်မှုကြီးကြပ်ရေးကောင်တာများရှိအရာရှိများထံသို့ချဉ်းကပ်ပါ။MOMကကူညီပေးပါလိမ့်မည်။

# ကိုဗစ်-၁၉ သတင်းအချက်အလက်များ

## ဘေးကင်းသောအကွာအဝေးလုပ်ဆောင်ချက်များ

သင့်အဆောင်များနှင့်အလုပ်နေရာများတွင်ကူးစက်နိုင်သောရောဂါများကူးစက်ခံရခြင်းမှသင့်ကိုယ်သင်ကာကွယ်ရန်ဘေးကင်းစေသောအကွာအဝေးလုပ်ဆောင်ချက်များကိုဂရုပြုပါ။

- နှာခေါင်းစည်းတပ်ဆင်ပါ။
- အခြားသူများနှင့်ဘေးကင်းသောအကွာအဝေး ၁ မီတာတွင်နေပါ။
- လူစုလူဝေးရှောင်ရှားပါ။

## ပုံမှန်ရောဂါပိုးရှိမရှိစစ်ဆေးခြင်း

ပုံမှန်ရောဂါပိုးရှိမရှိစစ်ဆေးခြင်း (RRT) သည်၁၄ရက်ခြားတစ်ခါနှာခေါင်းတို့ဖတ်စစ်ဆေးခြင်း (swab test) ပါဝင်သည်။သင်သည်အောက်ပါအချက်များနှင့်ကိုက်ညီလျှင် RRT စစ်ဆေးခံရန်လိုအပ်ပါသည်။

- ဆောက်လုပ်ရေး၊ရေလုပ်ငန်းနှင့် ထုတ်လုပ်ရေးလုပ်ငန်းစဉ်ကဏ္ဍများမှ
- သို့မဟုတ်အခြားကဏ္ဍများမှဖြစ်သော်လည်းဆောက်လုပ်ရေး၊ရေလုပ်ငန်းနှင့်ထုတ်လုပ်ရေးလုပ်ငန်းစဉ်အလုပ်နေရာများတွင်အလုပ်လုပ်နေသူများ
- သို့မဟုတ်ဒေါမက်ထရီတွင်နေထိုင်သူများ

သင်သည်စစ်ဆေးခံရရန်လိုအပ်ပါကသင်သည်သင့်အလုပ်ရှင်မှသင့်အတွက် RRT ရက်ချိန်းစီစဉ်ပေးရန်လုပ်ဆောင်ရပါမည်။ RRT သည်သင်နှင့်သင့်ပတ်ဝန်းကျင်ရှိလူများ၏အန္တရာယ်ကင်းစေရေးနှင့်ကျန်းမာရေးအတွက်အရေးကြီးပါသည်။သင်သည် RRT စစ်ဆေးမခံပါကသင့်AccessCodeသည်အနီရောင်သို့ပြောင်းသွားပြီးသင်အလုပ်သွား၍ရတော့မည်မဟုတ်ပါ။

## အပြင်ထွက်ခွင့်

သင်သည်အဆောင်များတွင်နေထိုင်ပါကသင့်နားရက်မတိုင်မီ၇ရက်အလိုတွင်အဆောင်မှအပြင်ထွက်ခွင့်ကိုSGWorkPassအက်ပ် (စာမျက်နှာ၂၀တွင်ကြည့်ပါ) လျှောက်ထားရန်လိုအပ်ပါသည်။
TraceTogetherအက်ပ်ကိုပါဖုန်းတွင်ထည့်သွင်းထားရန်လိုအပ်ပါသည်။

Download on the App Store

GET IT ON Google Play

သင်၏အတည်ပြုပြီးသောအပြင်ထွက်ခွင့်ဖြင့်၊သင့်နားရက်တွင်ခွဲဝေသတ်မှတ်ပေးထားသောအချိန်တွင်အဆောင်အတွက်သတ်မှတ်ထားသည့်အပန်းဖြေနေရာသို့သင့်အလုပ်ရှင်စီစဉ်ပေးထားသောယာဉ်ဖြင့်သွားနိုင်ပါသည်။

အပန်းဖြေနေရာသို့ရောက်သောအခါSafeEntryဖြင့်ရောက်ရှိကြောင်းစာရင်းသွင်းပါ။အချိန်ပြည့်နှာခေါင်းစည်းတပ်ဆင်ရန်၊အခြားသူများနှင့်၁မီတာအကွာတွင်နေထိုင်ရန်နှင့်လူစုလူဝေးခြင်းမပြုလုပ်ရန်သတိရပါ။

အချက်အလက်များပိုမိုသိရှိလိုပါက pass.gowhere.gov.sg သို့သွားရောက်ဖတ်ရှုနိုင်ပါသည်။

ဤအချက်သည် HDB တိုက်ခန်းများသို့မဟုတ် ကိုယ်ပိုင်တိုက်ခန်းများတွင် နေထိုင်သူများအတွက် အကျုံးမဝင်ပါ။ ထိတွေ့နီးကပ်မှုအားကောက်ကြောင်းလိုက်ခြင်းတိုကင် (BluePassသို့မဟုတ် TraceTogetherတိုကင်/မိုဘိုင်းလ်အက်ပ်) တို့ကိုရောဂါကောက်ကြောင်းလိုက်နိုင်ရန် အချိန်ပြည့်ဝတ်ဆင်ထားသင့်ပါသည်။

## AccessCode



SGWorkPassမိုဘိုင်းလ်အက်ပ်ရှိသင့်AccessCodeသည်သင့်နေထိုင်ရာမှအလုပ်သို့ထွက်ခွာခွင့်ရှိမရှိကို ပြသပါလိမ့်မည်။

သင့်AccessCodeသည်အစိမ်းရောင်ဖြစ်နေလျှင်သင်အလုပ်သွားရန်အဆောင်မှထွက်ခွာနိုင်ပါသည်။

သင့်AccessCodeသည်အနီရောင်ဖြစ်နေလျှင်သင်အလုပ်သွားရန်အဆောင်မှမထွက်ခွာနိုင်ပါ။

**အရေးကြီးသည်**

သင့်AccessCodeသည် အနီရောင်ဖြစ်နေလျှင်အလုပ်သို့မသွားပါနှင့်။

| အစိမ်းရောင် AccessCode: အလုပ်သို့သွားရန်နေအိမ်မှထွက်ခွာနိုင်ပါသည် | အနီရောင် AccessCode: အလုပ်သို့သွားရန်နေအိမ်မှမထွက်ခွာနိုင်ပါ |
|---|---|
|   |   |

**!** အနီရောင်AccessCodeရှိလျက်နှင့်နေအိမ်မှထွက်ခွာသွားခြင်းကိုတွေ့ရှိရပါကထိုအလုပ်သမားများအားအရေးယူမည်ဖြစ်ပါသည်။

## FWMOMCare

နာခေါင်းတို့ဖတ်စစ်ဆေးခြင်းရလဒ်များနှင့်နာခေါင်းတို့ဖတ်စစ်ဆေးရန်ချိန်းဆိုမှုအစရှိသဖြင့်အချက်အလက်များကိုစစ်ဆေးရန်FWMOMCare အက်ပ်ကိုလည်းအသုံးပြုနိုင်ပါသည်။အက်ပ်အသုံးပြုပုံအဆင့်ဆင့်ကိုhttps://mom.gov.sg/eservices/fwmomcareတွင် ဝင်ရောက်ကြည့်ရှုပါ။